# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကိလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မီရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၆၀)



**ယနေ့ မာတိကာ**

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့ကျင်းပ** လွှတ်တော်ရေးရာ ➤ ၄

AI ကြောင့် ဆရာ့တန်ဖိုး နိမ့်ကျသွားနိုင်ပါသလား ဆောင်းပါး ➤ ၆

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ** လွှတ်တော်ရေးရာ ➤ ၈

**ကုလသမဂ္ဂအထွေထွေညီလာခံ (၈၁) ကြိမ်မြောက် အစည်းအဝေး၏ အထွေထွေဆွေးနွေးပွဲပြီးဆုံး** နိုင်ငံတကာသတင်း ➤ ၁၄

**တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်** ပြည်တွင်းသတင်း ➤ ၁၇





ဒုတိယသမ္မတ ဦးညိုစော e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

## ဒုတိယသမ္မတ ဦးညိုစော e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၉

e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂) ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

## လွိုင်ကော်မြို့၌ ကယားတိုင်းရင်းသားတို့၏ ရိုးရာပွဲတော် အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော် ကျင်းပ

လွိုင်ကော် စက်တင်ဘာ ၂၉


ကယား တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များအနက် အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်ကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမနှင့် ကန္ဒာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

အဆိုပါပွဲတော်သို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ပြည်နယ်ဝန်ကြီးချုပ်

စာမျက်နှာ ၃ ကော်လံ ၁ ❑



၂၉-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ ကုန်းတွင်းမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




## ကုန်းတွင်းမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဖြတ်ကျော်နေသဖြင့် အညိုရောင်အဆင့် သတ်မှတ်

**နေပြည်တော် စက်တင်ဘာ ၂၉**

**ကုန်းတွင်းမုန်တိုင်းငယ်အခြေအနေ**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ရေနံချောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့အကြားမှ ဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက် ၁၅ မိုင်ခန့်၊ ပေါက်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်နှင့် မုံရွာမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၇၀ ခန့်အကွာကို ဗဟိုပြုနေသည်။

ကုန်းတွင်းမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဖြတ်ကျော်နေပါသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

## မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



နေပြည်တော် စက်တင်ဘာ ၂၉

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေး စခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၄၇၆ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် တပ်မတော်(ရေ) မှ စစ်ရေယာဉ် (မုတ္တမ)၊

စာမျက်နှာ ၃ ကော်လံ ၅ ✻

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# သက်ရှည်ကျန်းမာ ခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

မနက်ဖြန် အောက်တိုဘာလ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons) ဖြစ်သည်။ ကမ္ဘာ့လူဦးရေအတွင်း သက်ကြီးဘိုးဘွားအရေအတွက် တိုးပွားလာခြင်းနှင့်အတူ ကြုံတွေ့ရမည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို အများပြည်သူသတိပြုမိစေရန်၊ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ကြီးဘိုးဘွားများ၏ ပေးဆပ်ဆောင်ရွက်ခဲ့မှုများနှင့် အခန်းကဏ္ဍတို့ကို အသိအမှတ်ပြုဂုဏ်ပြုရန်၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေး၊ ကျန်းမာရေးနှင့် လိုအပ်ချက်များကို ပိုမိုစောင့်ရှောက်ပံ့ပိုးပေးနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ်(၄၅/၁၀၆)ဖြင့် နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဆေးဘက်ဆိုင်ရာ ကုထုံးအသစ်များ ပေါ်ထွက်လာခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ မြင့်မားလာခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် လူတစ်ဦးချင်း၏ မျှော်မှန်းသက်တမ်းများ မြင့်တက်လာကာ သက်ကြီးပုဂ္ဂိုလ်ဦးရေသည်လည်း တဖြည်းဖြည်း တိုးပွားလာလျက်ရှိသည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ထုတ်ပြန်ချက်များအရ ကမ္ဘာတစ်ဝန်းတွင် အသက် ၆၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ဦးရေသည် ၁ ဒသမ ၂ ဘီလီယံခန့်ရှိပြီး အသက် ၆၅ နှစ်နှင့်အထက် လူဦးရေမှာ ၈၅၇ သန်းခန့်ရှိသည်။ ၎င်းအရေအတွက်သည် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိပြီး သမိုင်းတစ်လျှောက် သက်ကြီးရွယ်အိုဦးရေ အများဆုံးဖြစ်လာသည့် အခြေအနေဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်အနက် အသက် ၆၀ နှင့်အထက် လူဦးရေသည် ၆ ဒသမ ၂ သန်းခန့်ရှိရာ စုစုပေါင်းလူဦးရေ၏ ၁၂ ရာခိုင်နှုန်းကျော် ရှိသည်။ ၂၀၅၀ ပြည့်နှစ်တွင် အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ဦးရေသည် ၁၃ သန်းခန့်ရှိလာပြီး စုစုပေါင်းလူဦးရေ၏ ၂၀ ရာခိုင်နှုန်းအထိ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အတွက် ကုလသမဂ္ဂက သတ်မှတ်ထားသည့်ဆောင်ပုဒ်မှာ "The Age of Longevity: Rethinking Systems for Longer Lives – သက်ရှည်ကျန်းမာ ခေတ်သစ်ဆီစနစ်သစ်များဖြင့် လျှောက်လှမ်းမည်" ဟူ၍ ဖြစ်သည်။ အဆိုပါ ဆောင်ပုဒ်က ကမ္ဘာတစ်ဝန်းတွင် လူ့သက်တမ်း ပိုမိုမြင့်တက်လာသည်နှင့်အမျှ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာစနစ်များကို ဘိုးဘွားများအတွက် ပိုမိုအဆင်ပြေချောမွေ့ပြီး ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်စေရန် ကဏ္ဍစုံမှ ပြန်လည်သုံးသပ်ပြောင်းလဲပြင်ဆင်ကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

လူသားများ အသက်ပိုရှည်လာသည့်ခေတ်တွင် သက်ကြီးပုဂ္ဂိုလ်များ ကျန်းမာစွာသက်တမ်းစေ့နေနိုင်ရေးအတွက် သက်တမ်းတစ်လျှောက်လုံး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါကာကွယ်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ ဆေးရုံ၊ ဆေးခန်းများတွင်သာမက လူမှုအသိုက်အဝန်းနှင့် မိသားစုအတွင်း စနစ်တကျ ရေရှည်ပြုစုစောင့်ရှောက်နိုင်မည့် စနစ်များဖြစ်ပေါ်လာရန်လည်းလိုသည်။ သက်ကြီးပုဂ္ဂိုလ်များ၏ဘဝနှောင်းပိုင်းတွင် ဘဏ္ဍာရေးအာမခံချက်ရှိရေးအတွက် အသက်ရှည်လာသည်နှင့်အမျှ လုံလောက်သော လူမှုဖူလုံရေး ပင်စင်စနစ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အကာအကွယ်များကိုလည်း ပြန်လည်ဆန်းစစ် ဖြည့်ဆည်းသွားရမည်ဖြစ်သည်။

ထို့အပြင် အသက်အရွယ်ကြီးရင့်သော်လည်း လုပ်ကိုင်နိုင်စွမ်းရှိသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဆက်လက်ရှိနေရမည်ဖြစ်ပြီး နည်းပညာများနှင့် လူမှုပတ်ဝန်းကျင်ပြောင်းလဲမှုများကို ရင်ပေါင်တန်းနိုင်ရန် တစ်သက်တာသင်ယူလေ့လာနိုင်မည့် အခွင့်အလမ်းများ စီစဉ်ပေးရန်လည်း လိုအပ်သည်။ ဘိုးဘွားများအတွက် အဆင်ပြေမည့်ပတ်ဝန်းကျင်ကောင်းများ ဖြစ်စေရန်အတွက် အသက်အရွယ်မရွေး နေထိုင်ရလွယ်ကူသော လူမှုပတ်ဝန်းကျင် တည်ဆောက်ပေးရမည်ဖြစ်ရာ အိမ်ရာအဆောက်အဦဒီဇိုင်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် အများပြည်သူဆိုင်ရာ နေရာများကို သက်ကြီးရွယ်အိုများ ဘေးအန္တရာယ်ကင်းကင်းနှင့် လွတ်လပ်စွာ သွားလာအသုံးပြုနိုင်အောင် ပြင်ဆင်ပေးထားရမည်လည်းဖြစ်သည်။ သက်ကြီးရွယ်အိုများနှင့် လူငယ်လူရွယ်များအကြား နားလည်မှု၊ ကူညီမှုနှင့် အတွေ့အကြုံဖလှယ်မှုဆိုင်ရာ ဆွေးနွေးပွဲများနှင့် လှုပ်ရှားမှုများကိုမြှင့်တင်ခြင်း၊ မျိုးဆက်တစ်ခုနှင့်တစ်ခုကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းကလည်း ဘိုးဘွားများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

သက်ရှည်ကျန်းမာသည့် ခေတ်သစ်တွင် သက်ကြီးပုဂ္ဂိုလ်များအား အစောင့်အရှောက်ခံ ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ်မရှုမြင်ဘဲ စနစ်ဟောင်းများကို ပြင်ဆင်ပြောင်းလဲကာ စနစ်သစ်များဖြင့် အစားထိုး၍ လူသားတို့ သက်တမ်းပိုရှည်လာခြင်း၏ ရလဒ်ကောင်းများဖြစ်အောင် ဖော်ဆောင်သွားရပါမည့်အကြောင်း။ ။

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

" The Age of Longevity: Rethinking Systems for Longer Lives"

၁.၁၀.၂၀၂၆ နေပြည်တော်

### ၂၉ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀ - ၉ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၄၅၀ | ၄၆၀၅ | ၄၅၅၅ | ၄၄၆၅ | ၄၆၁၀ | ၄၆၂၅ | ၄၆၅၅ | ၄၅၃၅ | ၄၉၀၅ | ၄၉၃၅ | ၄၅၅၅ | ၄၇၀၅ | ၄၆၄၅ | ၄၆၀၅ | ၄၆၁၅ | ၄၈၄၅ |
| 95 Ron | ၄၆၀၀ | ၄၇၅၅ | ၄၇၀၅ | ၄၆၁၅ | ၄၇၆၀ | ၄၇၇၅ | ၄၈၀၀ | ၄၆၈၅ | ၅၀၅၅ | ၅၀၈၅ | ၄၇၀၅ | ၄၈၆၀ | ၄၇၉၅ | ၄၇၅၅ | ၄၇၆၅ | ၄၉၉၅ |
| HSD (500 ppm) | ၄၇၉၀ | ၄၉၄၀ | ၄၈၉၅ | ၄၈၀၅ | ၄၉၄၅ | ၄၉၆၀ | ၄၉၉၀ | ၄၈၇၅ | - | ၅၂၅၅ | ၄၈၉၅ | ၅၄၄၅ | ၄၉၈၀ | ၄၉၄၀ | ၄၉၅၀ | ၅၁၇၀ |
| HSD (50 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၀ | ၅၈၁၀ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၀ | ၆၂၅၀ | ၆၂၀၀ | ၅၉၀၀ | ၆၀၂၀ | ၅၉၉၅ | ၅၉၅၀ | ၅၉၆၀ | ၆၁၉၀ |
| HSD (10 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၀ | ၅၈၁၀ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၀ | | ၆၂၀၀ | ၅၉၀၀ | ၆၀၂၀ | ၅၉၉၅ | ၅၉၅၀ | ၅၉၆၀ | ၆၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၂၈ | ၄၃၄၇ |
| 95 Ron | ၄၃၇၅ | ၄၄၉၆ |
| HSD (500 ppm) | ၄၅၇၅ | ၄၆၉၆ |
| HSD (50 ppm) | ၅၅၃၂ | ၅၆၇၃ |
| HSD (10 ppm) | ၅၅၃၂ | ၅၆၇၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**“လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။”**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)**

❍ *ရွှေဖုံးမှ*

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက နိုင်ငံတော်၏ e-Government လုပ်ငန်းစဉ်များကို ပိုမိုထိရောက်ကျယ်ပြန့်စွာ အကောင်အထည်ဖော်ပြီး အစိုးရတစ်ရပ်လုံးအတိုင်းအတာဖြင့် Digital Government သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များ အောင်မြင်စေရန် အစိုးရကဏ္ဍတစ်ခုတည်းက ဆောင်ရွက်ရုံသာမက ပုဂ္ဂလိကကဏ္ဍ၊ နည်းပညာကျွမ်းကျင်သူများနှင့် ပူးပေါင်းပါဝင်သည့် Public-Private Partnership (PPP) မူဘောင်များ ဖော်ဆောင်ရေး၊ Single Window နှင့် One-Stop Digital Services Platform များဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး၊ သတင်းအချက်အလက်လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားအဆင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ၂၀၃၀ နှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးတို့နှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှာကြားပြီး ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် e-Government မှသည် Digital Government တစ်ရပ် တည်ဆောက်ရေးအတွက် ဌာနများ၊ အဖွဲ့အစည်းများအားလုံး စနစ်တကျ ဟန်ချက်ညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌက e-Government အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဦးဆောင်ကော်မတီအတွင်းရေးမှူးက e-Government အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ကော်မတီအဖွဲ့ဝင်များက e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

❑ *ရွှေဖုံးမှ*

ဦးအံ့မော်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ပွဲတော်ကို ပြည်ထောင်စုဝန်ကြီးက မင်္ဂလာဖားစည်တီး၍ ဖွင့်လှစ်ပေးပြီး ဒီးကူပွဲတော်သည် စိုက်ပျိုးပြီးသည့် ကောက်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းစေခြင်း၊ စည်းလုံးခြင်းနှင့် ဝေးကွာနေသည့် မိသားစုများ ပြန်လည်ဆုံစည်းသည့် ပွဲတော်ဖြစ်သည်ဟု သိရှိရကြောင်း၊ ကယားပြည်နယ်သည် သဘာဝတရားနှင့် ပြည့်စုံနေပြီး တိုင်းရင်းသား ပြည်သူများ၏ ရိုးသားကြိုးစားမှု၊ မိသားစုစိတ်ဓာတ်ရှိမှု၊ ရိုးရာဓလေ့များ ထိန်းသိမ်းမှု၊ တစ်ဦးကိုတစ်ဦး သည်းခံခွင့်လွှတ်တတ်မှု စိတ်ဓာတ်များကြောင့် နှစ်လိုဖွယ်ရာပြည်နယ် တစ်ခုအဖြစ် ယနေ့အထိ ရပ်တည်နိုင်ခဲ့ပါကြောင်း၊ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် အကျိုးရှိမှု၊ ညီညွတ်မှု၊ အချင်းချင်း အလေးထားမှု၊ ပေါင်းစည်းမှုတို့ ပေါင်းစုထားသည့် ကယားတိုင်းရင်းသား တို့၏ ယဉ်ကျေးမှုများ၊ ရိုးရာအမွေအနှစ်များကို မျိုးဆက်သစ်များ ဂုဏ်ယူစရာအဖြစ် မပျောက်ပျက်အောင်



ဆက်လက် ထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပွဲတော်အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ အလားတူ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုငွေများ ပေးအပ်သည်။

ဆက်လက်၍ ကန္ဒာဟောဝန်ကျောက်သားရင်ပြင်ရှိ ရိုးရာစုပေါင်း အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်မုခ်ဦးကို တက်ရောက်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများမှ တိုင်းရင်းသားပြည်သူများနှင့်အတူ ကယားတိုင်းရင်းသားတို့၏ ဒီးကူကောက်ညှင်းထုပ်၊ ခေါင်ရည်၊ ကယားဝက်အူချောင်း၊ ကယားရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံသော ပွဲတော်မိတ်ဆုံစားပွဲသို့ တက်ရောက်ကာ တိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယနေ့ကျင်းပသည့် ပွဲတော်တွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာများမှ တိုင်းရင်းသားပြည်သူ တစ်ထောင်ကျော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**


◆ *ရွှေဖုံးမှ*

**ကုန်းတွင်းမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၂၁ ဒသမ ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၄ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၁၂ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။




**သတိပေးနှိုးဆော်ချက်**

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းတွင်းမုန်တိုင်းငယ် ဖြတ်သန်းရာဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

✻ *ရွှေဖုံးမှ*

ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်) တို့သည် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသားများကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး (ကြည်း၊ရေ၊လေ) တို့အနေဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပြီး စစ်ရေယာဉ်များသည် စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၉-၂၀၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃)ပါ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ (MNTJP/ MNDAA) တို့ တွေ့ဆုံဆွေးနွေး သတင်း ကော်လံ (၅) ပထမအပိုဒ် စာကြောင်းရေ (၁၄) တွင် **အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများ တိုက်ဖျက်ရေး၊ တားဆီးနှိမ်နင်းရေးတို့အတွက် နှစ်ဖက်ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်းအဖွဲ့)

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

## လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ သေသေချာချာလေ့လာသိရှိထားရန်လို



**နေပြည်တော် စက်တင်ဘာ ၂၉**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၂ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ ကျန်းမာရွှင်လန်းစွာ စုံစုံညီညီ တက်ရောက်လာသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

ယခု တတိယပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာမည့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းဆိုင်ရာ ရငွေသုံးငွေများ၊ ဖြည့်စွက်ခွင့်ပြုငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်ပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး ဆွေးနွေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒုတိယပုံမှန် အစည်းအဝေးကာလတွင် ရငွေသုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့ကို စိစစ်ရမည့်ဗဟိုအဖွဲ့ အစည်းနှင့် ဝန်ကြီးဌာနများအလိုက် ကြိုတင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းသတ်မှတ်ရက်များအတိုင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းများကို ဆောင်ရွက်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်သည် အလွန်ကြီးမားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသည် မိမိတို့ကိုယ်တိုင်က ဥပဒေပညာရှင်များ၊ ဥပဒေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများမဟုတ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သေသေချာချာ လေ့လာသိရှိထားရန်လိုပါကြောင်း။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလတွင် အချို့သော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရကာ အဆိုပါဒေသများသို့ နိုင်ငံတော် အစိုးရနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အလှူရှင်များအချင်းချင်း ပူးပေါင်းပါဝင်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း။

ပြည်သူအားလုံးကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခင်ပုံမှန်အစည်းအဝေးကာလများထက် ယခုပုံမှန်အစည်းအဝေးတွင် ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်ငန်းတာဝန်များကို အချိန်မီနှင့် အောင်မြင်စွာပြီးမြောက်နိုင်ရန်အတွက် မိမိတို့ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်ကောင်းစေတနာမှန်ဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၅/၂၀၁၆ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍** နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၅/၂၀၁၆ ဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။

ယဉ်ကျေးမှုသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအတွက် အရေးပါသည့် အသက်သွေးကြောဖြစ်ပါကြောင်း၊ အမွေအနှစ်များ၏ ဆွဲဆောင်မှု၊ ထူးခြားမှု၊ ဝင်ငွေနှင့်ရေရှည်တည်တံ့မှုကို ဖန်တီးပေးပါကြောင်း၊ ယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းပြီး ဟိုတယ်လုပ်ငန်းနှင့် ဟန်ချက်ညီစွာ ပေါင်းစပ်နိုင်မှသာ ရေရှည်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုသည် နိုင်ငံအတွက် အရေးကြီးပြီး အမျိုးသားရေးစရိုက်လက္ခဏာကို ဖော်ဆောင်ပေးခြင်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေသည့် အခြေခံအရင်းအမြစ်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဌာနနှင့် ဝန်ထမ်းဖွဲ့စည်းပုံအရ ယဉ်ကျေးမှုက ဟိုတယ်နှင့်ခရီးသွားထက် ပိုမိုဖွဲ့စည်းပုံကြီးမားပါကြောင်း၊ လတ်တလော ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်လိုခြင်းသည်လည်း မကြာမီကျင်းပတော့မည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ယဉ်ကျေးမှုကိုရှေ့တန်းတင်ဂုဏ်ပြု၍ အချိန်မီဆောင်ရွက်လိုသည့်အတွက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ရပ်နားထားချိန်တွင် နိုင်ငံတော်အတွက် အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာ လိုအပ်ချက်အရ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ထုတ်ပြန်၍ ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခဲ့မှုအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် ၆/၂၀၁၆ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေကို စစ်ဘက်မူလတာဝန်များကို ပြန်လည်ထမ်းဆောင်စေပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီး ကိုကိုဦးကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို အဓိက တာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအင်အားစုများစွာကို စုစည်းထားပြီး အဓိကအားဖြင့် လူမှုလုံခြုံရေး၊ ရာဇဝတ်မှုကာကွယ်တားဆီးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ လမ်းစည်းကမ်း စီမံခန့်ခွဲမှုတို့ကို တာဝန်ယူသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးရာ ရာဇဝတ်မှုများ၊ အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးသည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းထောင်စီမံခန့်ခွဲမှုတာဝန်ယူသည့် အကျဉ်းဦးစီးဌာန၊ မီးဘေးကာကွယ်ရေး၊ တားဆီးရေးနှင့် ကယ်ဆယ်ရေးတို့ကို တာဝန်ယူသည့် မီးသတ်ဦးစီးဌာန၊ အဓိကအားဖြင့် ရပ်ကျေးအဆင့်မှ ပြည်ထောင်စုအဆင့်ထိ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူအေးချမ်းသာယာရေးအတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပါကြောင်း၊ ထိုသို့သောအကြောင်းအချက်များအရ ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူအေးချမ်းသာယာရေးဆိုင်ရာလုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လတ်တလောလိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးရပ်နားထားချိန်တွင် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ထုတ်ပြန်၍ ခန့်အပ်တာဝန်ပေးမှုအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ခန့်အပ်ရန် သဘောတူကြောင်းကြေညာခြင်း သို့မဟုတ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒုတိယနေ့တွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ အရ ကန့်ကွက်ကြောင်းအဆိုကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နာယကထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းအဆိုနှင့်အတူ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများကို ပူးတွဲတင်ပြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်လိုကြောင်း တင်ပြထားသည့်ပုဂ္ဂိုလ်အား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဂ) တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြလာသည့် ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်း သို့မဟုတ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးဒုတိယနေ့တွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ အရ ကန့်ကွက်ကြောင်း အဆိုကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နာယကထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းအဆိုနှင့်အတူ ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားများကိုပါ ပူးတွဲတင်ပြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်လိုကြောင်း အဆိုပြုတင်ပြထားသည့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ ပါ သတ်မှတ်ထားသည့်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေထင်ရှားပြ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု စားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေစေရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး စသည့် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများအတွက် ရန်ပုံငွေများကို လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး ချိန်ဆ၍ ခွဲဝေသုံးစွဲလျက်ရှိပြီး အခွန်ဘဏ္ဍာငွေတိုးတက်ကောက်ခံရရှိရေးကိုလည်း အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီကို ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းတို့အပေါ် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ အထူးကုန်စည်ခွန် ၅ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းတို့ ကျသင့်မည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်း၊ ဓာတ်အားခဈေးနှုန်းအခြေအနေနှင့် အခြားဒေသတွင်း နိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများအပေါ် လစဉ်သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်တို့ကို စက်တင်ဘာလအတွက် (၁) လ ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

၂၀၂၆ ခုနှစ် ဩဂုတ်လအတွက် အခွန်ကင်းလွတ်ခွင့်ပြုရာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အများပြည်သူထံသို့ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုစက်တင်ဘာလအတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ (၁) လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ထုတ်ဝေသည့် နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရခြင်းမှာ အဆိုပါကာလသည် လွှတ်တော်အစည်းအဝေး ရပ်နားထားသည့် ကာလဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်ပြုသည့် ကိစ္စသည်လည်း အခွန်ထမ်းပြည်သူများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီ သိရှိလိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည့်အတွက် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ (HSD 500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ (၁) လ ထပ်မံခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ **အစား** ဗိုလ်မှူးကြီး စိုးရန်နောင်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင် (ခ)ဦးနော်တောင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ်မြောက် လွှတ်တော်ဥက္ကဋ္ဌများညီလာခံသို့ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပွင့်ဆန်းခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပပြုလုပ်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီအတွင်းရေးမှူး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သီဟခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့် အာဆီယံလွှတ်တော်များဆိုင်ရာ တတိယအကြိမ်ဆွေးနွေးပွဲသို့ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၇ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို လွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ် မြင့်သောင်း **အစား** ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်းအား လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ် ဝင်းကိုကို **အစား** ဗိုလ်မှူးချုပ် ခင်မောင်စိုးအားလည်းကောင်း၊ အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူး တင့်လွင်အေး **အစား** ဗိုလ်မှူး ဇင်ကိုဝင်းအားလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကိုတင်ပြ၍ လွှတ်တော်၏ အတည်ပြုချက် ရယူအတည်ပြုသည်။

ဆက်လက်၍ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို အောက်တိုဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၁-၄-၂၀၂၆ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။



ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီအတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA-S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် **(အပေါ်ပုံ)**ကပြောကြားရာတွင် EAO များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မတူညီသော ရည်မှန်းချက်၊ လိုလားချက်များနှင့်စပ်လျဉ်းပြီး EAO များနှင့် အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ တစ်ဖွဲ့ချင်းအလိုက်သော်လည်းကောင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကိုယ်စားပြုသည့် နိုင်ငံရေးပါတီများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆွေးနွေးဖက်အဖြစ်မဟုတ်ဘဲ အတူတကွ ပူးပေါင်းဆောင်ရွက်သူများအဖြစ် သတ်မှတ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ NCA လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် အားလုံးမှ ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း က ပြောကြားရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် သင့်လျော်မည့် လမ်းကြောင်းများဖြင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်းကို သိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် အရေးကြီးဆုံးဖြစ်သည့် ယုံကြည်မှုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် စီမံဆောင်ရွက်ထားမှု အခြေအနေများ၊ NCA -S EAOs ဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တွေ့ဆုံဆွေးနွေးပွဲများတွင် တိကျသည့် သဘောတူညီချက်များ ချမှတ်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆွေးနွေးမှုပုံစံ၊ ဆွေးနွေးမည့် အကြောင်းအရာ၊ ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်များ ဖော်ဆောင်နိုင်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် အခြေခံမူများရရှိရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထပ်မံပါဝင်လာစေရေး၊ EAO များအခြေပြုရာဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ ပြည်သူလူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များ ကျင်းပပြုလုပ်နိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပထမနေ့ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားခဲ့ပြီး ဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

ကမ္ဘာ့ဆရာများနေ့ဂုဏ်ပြုဆောင်းပါး

# AI ကြောင့် ဆရာ့တန်ဖိုး နိမ့်ကျသွားနိုင်ပါသလား

ဒေါက်တာမောင်သင်း

မြန်မာ့လူ့အဖွဲ့အစည်းတွင် **"ပညာရွှေအိုး လူမခိုး"** ဟူ၍ ရှိပါသည်။ ပညာရွှေအိုးကို မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းပေးသူများမှာ ဆရာများပင်ဖြစ်ကြပေသည်။ ဆရာများက လက်ဆင့်ကမ်းနေသည့် မျိုးဆက်တိုင်း၏ဘဝကို သာယာဖွံ့ဖြိုးစေမည့် **"ပညာ"** ၏ အနှစ်အဓိပ္ပာယ်မှာ

**အမှား-အမှန်ကို ခွဲခြားသိမြင်ခြင်း၊**

**မှန်သော အသိကိုသိခြင်း၊**

**မှန်သောလမ်းကို ရွေးချယ်နိုင်ခြင်း၊**

**မှန်ကန်စွာ ဘဝကိုတည်ဆောက်နိုင်ခြင်း......တို့ဖြစ်ပါသည်။**

ယနေ့ကမ္ဘာကြီးတွင် နည်းပညာတိုးတက်မှုများ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေပြီး Artificial Intelligence (AI) ဟုခေါ်သော ဉာဏ်ရည်တုနည်းပညာက ပညာရေးအပါအဝင် လူသားတို့၏ နေ့စဉ်ဘဝအတွင်းသို့ပင် နက်ရှိုင်းစွာ ဝင်ရောက်လာပြီဖြစ်သည်။ မေးခွန်းတစ်ခုကို ရိုက်ထည့်လိုက်ရုံဖြင့် စက္ကန့်ပိုင်းအတွင်း အဖြေများရရှိနိုင်သောခေတ်သို့ ရောက်ရှိလာသည့်အခါ **"AI တိုးတက်လာလျှင် ဆရာများ၏ အခန်းကဏ္ဍသည် လျော့ကျသွားမည်လား"**ဟူသော သံသယမေးခွန်း ပညာရေးလောကတွင် ပေါ်ပေါက်လာခဲ့ပေသည်။

ယနေ့ခေတ်တွင် မိမိသိလိုသည့် အကြောင်းအရာများကို အင်တာနက်မှတစ်ဆင့် စာအုပ်များ၊ သုတေသနစာတမ်းများ၊ ဗီဒီယိုသင်ခန်းစာများနှင့် အွန်လိုင်းပညာရေး အရင်းအမြစ်များကို ကမ္ဘာအနှံ့မှ ရယူနိုင်ပေသည်။ ထိုအထဲတွင် AI သည် ပိုမိုထူးခြားသော အခန်းကဏ္ဍတစ်ခုကိုရယူနေကာ မေးခွန်းများကို အလျင်အမြန် ဖြေကြားပေးနိုင်သည်။ ရှုပ်ထွေးသောအကြောင်းအရာများကို ရိုးရှင်းလွယ်ကူစွာ ရှင်းပြပေးနိုင်သည်။

**❂ AI သည် လူသားတို့၏ အသိပညာရှာဖွေမှုကို ပိုမိုမြန်ဆန်စေနိုင်သည်။ သို့သော် အသိပညာကို အကျိုးရှိစွာ အသုံးချတတ်ရန် ဆရာ၏ လမ်းညွှန်မှုလိုအပ်သည်။ AI သည် အဖြေကိုပေးနိုင်သည်။ သို့သော် မေးခွန်းကို မှန်ကန်စွာမေးတတ်အောင် သင်ပေးသူမှာ ဆရာဖြစ်သည်။ AI သည် စာကို ရှင်းပြနိုင်သည်။ သို့သော် စာထဲမှ အသိပညာကို "နေ့စဉ်ဘဝ အသုံးချပညာ"အဖြစ် ပြောင်းလဲနိုင်အောင် လမ်းပြပေးသူမှာ ဆရာဖြစ်**

**❂ ထို့ကြောင့် AI နည်းပညာတိုးတက်လာခြင်းသည် ဆရာတို့၏တန်ဖိုးကို လျော့နည်းလာစရာမရှိပေ။ အမှန်မှာ AI ခေတ် ရောက်လာလေလေ လူသားဆန်မှု၏ တန်ဖိုး၊ စာရိတ္တ၏ မြင့်မြတ်ဂုဏ်နှင့် ဆရာတို့၏ လူသားပျိုးထောင်ရေးအခန်းကဏ္ဍသည် ပိုမိုထင်ရှားလာလေလေဖြစ်**

ဘာသာစကားအမျိုးမျိုးဖြင့် ရေးသားထားသည့် ပညာရပ်မျိုးစုံကို ဘာသာပြန်ပေးနိုင်သည်။ စာရေးသားရာတွင် အထောက်အကူပြုနိုင်သည်။ အချက်အလက်များကို လျင်လျင်မြန်မြန် စုစည်းပေးနိုင်သည်။ ထို့ကြောင့် ကျောင်းသားများအတွက် AI သည် အချိန်မရွေး အသုံးပြုနိုင်သော သက်မဲ့သင်ကြားရေးအဖော်တစ်ဦး (Non- Living Facilitator) ဖြစ်လာနေသည်။ သို့အတွက်ကြောင့် ဆရာများအတွက် စိုးရိမ်စိတ်ဖြင့် အဆိုပါမေးခွန်း ပေါ်ပေါက်လာခြင်းပါ။

သို့သော် ပညာရေးသည် အချက်အလက်များကို စုဆောင်းပေးခြင်း၊ အချက်အလက်များလောက်သာသိရန်၊ အဖြေများကို မှတ်သားရန်မဟုတ်ဘဲ လူတစ်ဦး၏ အကောင်း၊ အဆိုး ခွဲခြားနိုင်စွမ်းပညာရရှိစေပြီး မှန်ကန်စွာ ဘဝတည်ဆောက်နိုင်ကာ အသိဉာဏ်၊ အကျင့်စာရိတ္တ၊ စိတ်ခံတော်ကြံ့ခိုင်မှုနှင့် လူသားဆန်မှု ပင်ကိုလက္ခဏာတို့ကို ပျိုးထောင်ပေးရသည့်လုပ်ငန်းဖြစ်သောကြောင့် AI နည်းပညာ မည်မျှပင်တိုးတက်လာပါစေ၊ အဆိုပါပညာနှင့် လူ့တန်ဖိုးပေါ်လွင်အောင် လေ့ကျင့်ပေးနေသည့် ဆရာတို့၏တန်ဖိုးသည် AI မယှဉ်နိုင်သော တန်ဖိုးတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

ထို့အပြင် AI သည် ဉာဏ်ရည်အတုပါ။ ဉာဏ်ရည်အစစ်မဟုတ်ပါ။ AI ကို ဆရာ ဆရာမများကဲ့သို့ လူသားက ဖန်တီးထားခြင်းပါ။ ဖန်တီးခံရသည့်အတုဆိုသည်မှာ ဖန်တီးသူ ဉာဏ်ရည်အစစ်ပိုင်ရှင် ဆရာဆရာမများကဲ့သို့ လူသားကိုမမီနိုင်ပါ။ ထူးခြားချက်မှာ မြန်မာ့လူ့အဖွဲ့အစည်းတွင် AI သည် အနန္တဂိုဏ်းဝင်အဆင့်မဟုတ်ပေ။

ထို့အတူ AI ဆီမှ **အချက်အလက်ရရှိခြင်းသည် ပညာရခြင်းမဟုတ်ပါ။** အဖြေတစ်ခု၊ အချက်အလက်တစ်ခုကို သိရှိခြင်းနှင့် ထိုအချက်အလက်၊ ထိုအဖြေ၏အဓိပ္ပာယ်ကို နားလည်ခြင်းလည်း မတူညီပါ။ ပညာရေး၏ အဓိကရည်ရွယ်ချက်သည် အချက်အလက်သိရန် အဖြေများကိုမှတ်သားစေရန် အဓိကအကြောင်းရင်းမဟုတ်ပေ။ အကြောင်းအရာတစ်ခုကို ကိုယ်တိုင်စဉ်းစား ဝေဖန်ဆုံးဖြတ်တတ်ရန်၊ အမှန်နှင့် အမှားကို ခွဲခြားတတ်ရန်၊ မိမိ၏ဆုံးဖြတ်ချက်အတွက် တာဝန်ယူတတ်ရန်နှင့် အခြားသူများအပေါ် ကိုယ်ချင်းစာ လေးစားတတ်ရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်သည်။

ထိုအရည်အသွေးများသည် စာအုပ်ထဲမှ စာသားများကိုဖတ်ရှုခြင်းဖြင့်သာ ရရှိလာခြင်းမဟုတ်ဘဲ ဆရာများ၏မြင့်မားသည့် ဝါနှင့် သမ္မာအတွေ့အကြုံ၊ ပြည့်ဝစွာ လမ်းညွှန်ရှင်းပြနိုင်မှု၊ စံနမူနာပြမှုနှင့် လူသားဆန်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် စေတနာပြည့်ဝမှုတို့ဖြင့် တဖြည်းဖြည်းချင်း ပျိုးထောင်မှုဖြင့်သာ ပေါက်ဖွားလာခြင်းဖြစ်သည်။

ဆရာဟူသည် စာသင်ခန်းထဲတွင်သာ သင်ခန်းစာကို သင်ပြပေးသူသက်သက်မဟုတ်ပါ။ ကျောင်းသား၏ ဘဝခရီးလမ်းကို လမ်းညွှန်ပေးသူဖြစ်သည်။ ကျောင်းသား၏ အားသာချက်ကို ရှာဖွေဖော်ထုတ်ပေးသူ၊ အားနည်းချက်ကို ပြုပြင်မြှင့်တင်ပေးသူ၊ အမှားလုပ်မိသည့်အခါ အပြစ်တင်မှုမပြုဘဲ အမှားမှ သင်ခန်းစာယူတတ်အောင် လမ်းညွှန်ပေးသူဖြစ်သည်။ ထို့အပြင် ကျောင်းသားတစ်ဦးသည် မိမိကိုယ်ကို ယုံကြည်မှုအားနည်းလာသည့်အချိန်တွင် **"မင်း လုပ်နိုင်တယ်"**ဟု ယုံကြည်မှုပေးနိုင်သူ၊ အခက်အခဲများကြားတွင် လက်မလျှော့ရန်အားပေး၍ အောင်မြင်သည့်လမ်းကို ညွှန်ပြပေးနိုင်သူမှာလည်း ဆရာပင်ဖြစ်သည်။

တစ်ခါတစ်ရံ ကျောင်းသားတစ်ဦး၏ စာမေးပွဲကျရှုံးမှုသည် ပညာရပ်နားမလည်ခြင်းကြောင့်မဟုတ်ဘဲ စိတ်ပျက်အားငယ်နေခြင်းကြောင့်ဖြစ်နိုင်သည်။ စာမေးပွဲရလဒ်မကောင်းသည့်အတွက် မိမိကိုယ်ကို အသုံးမကျသူဟု ထင်လာနိုင်သည်။ မိမိ၏အိပ်မက်များကို လက်လျှော့ချင်လာနိုင်သည်။ ထိုအချိန်တွင် AI သည် စာမေးပွဲအဖြေများကို ရှင်းပြပေးနိုင်သော်လည်း ကျောင်းသား၏စိတ်ထဲတွင် ဖြစ်ပေါ်နေသော ခံစားမှု၊ စိတ်ပျက်အားငယ်မှု၊ နာကျင်မှုကို ဆရာတစ်ဦးကဲ့သို့ စာနာမှု၊ စေတနာအရင်းခံဖြင့် နားလည်ပေးရန်မလွယ်ကူပါ။ ဆရာသည် ကျောင်းသား၏ စကားလုံးများကိုသာ နားထောင်ခြင်းမဟုတ်ဘဲ မျက်နှာပေါ်က စိတ်အားငယ်မှု၊ စိတ်ပျက်မှု၊ အသံထဲက မျှော်လင့်ချက်ပျောက်ဆုံးမှုနှင့် ဘဝနာကျင်မှုအပြုအမူများကိုပါ သိနိုင်၊ ဖတ်နိုင်၊ အဓိပ္ပာယ်ဖော်နိုင်သည်။ ထိုသို့သော နားလည်မှု၊ ကိုယ်ချင်းစာမှုနှင့် အားပေးမှုတို့သည် ဆရာတို့၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် စေတနာတို့မှ ပေါက်ဖွားလာသည့် လူသားဆန်မှုတန်ဖိုးများဖြစ်ကြသည်။ စက်ရုပ်ဖြစ်သည့် AI တွင် အဆိုပါလူသားဆန်မှု ဝိသေသတန်ဖိုးများကို မတွေ့နိုင်ပေ။

ကျောင်းသားတိုင်းသည် ပုံစံတူများမဟုတ်ကြပါ။ တစ်ဦးသည် စာတော်သော်လည်း မိမိကိုယ်ကို ယုံကြည်မှုနည်းနိုင်သည်။ တစ်ဦးသည် စာတွင် အားနည်းသော်လည်း အနုပညာ သို့မဟုတ် အားကစားတွင် ထူးချွန်နိုင်သည်။ တစ်ဦးသည် အပြင်ပန်းတွင် တက်ကြွပျော်ရွှင်နေသော်လည်း အတွင်းစိတ်တွင် အခက်အခဲများစွာ၊ ဝမ်းနည်းစရာများ ရှိနေနိုင်သည်။ ထိုကွဲပြားမှုများကို သိနိုင်၊ အဓိပ္ပာယ်ဖော်နိုင်ပြီး ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်ကိုက်ညီအောင် လမ်းညွှန်ပေးနိုင်ခြင်းသည် ဆရာတို့၏ မြင့်မားသော ဆရာ့စွမ်းရည်များဖြစ်ပေသည်။ ကျောင်းသားများ၏ ရှေ့ရေး၊ ဘေးအန္တရာယ်ကို ကာကွယ်ရေးအတွက် တစ်ခါတစ်ရံ တင်းကျပ်ရန်လိုသည့်အခါ တင်းကျပ်ပေးပြီး အားပေးရန်လိုသည့်အခါ နူးညံ့စွာ အားပေးနိုင်သည်။ ထိုသို့သော လူသားတစ်ဦးချင်းစီအပေါ် စာနာမှု၊ ကိုယ်ချင်းစာမှု၊ နားလည်မှုကို AI ကဲ့သို့ စက်တစ်ခုဖြင့် အပြည့်အဝအစားထိုးရန် မလွယ်ကူပါ။

ဆရာသည် **"ဘာကို သိရမည်"** ဆိုသည်ထက် **" ဘယ်လို စဉ်းစားရမည်"**ကို သင်ကြားလေ့ကျင့်ပေးသူဖြစ်သည်။ ဆရာက မေးခွန်းတစ်ခုမေးသောအခါ အဖြေမှန်တစ်ခုရရှိရန်သာ ရည်ရွယ်ခြင်းမဟုတ်ပါ။ အဖြေဖော်ထုတ်ရန် ကြိုးစားရင်း ကိုယ်တိုင်စဉ်းစားတတ်သည့် အလေ့အကျင့်ဖြစ်ထွန်းစေလိုခြင်း၊ အကြောင်းနှင့်အကျိုး ဆက်စပ်ရှာဖွေစေလိုခြင်း၊ အမှားနှင့်အမှန် ခွဲခြားတတ်နိုင်ကာ မှန်ကန်သောအတွေးအမြင်ဖြင့် ဘဝခရီးလမ်းမှန်ကို ရွေးချယ်တတ်စေလိုခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာ၏ သင်ကြားလမ်းညွှန်မှုသည် စာအုပ်ထဲမှစာသားများ၊ သင်ခန်းစာများနှင့် ကျောင်းဝင်းဘောင်ကို ကျော်လွန်ပြီး ကျောင်းသား၏ တွေးခေါ်မြော်မြင်ပုံ၊ ဆုံးဖြတ်ပုံနှင့် ဘဝတစ်သက်တာ ရှင်သန်ရပ်တည်ပုံအထိ သက်ရောက်မှုရှိသည်။

နည်းပညာအသစ်အဆန်းများ ပေါ်ထွန်းလာသည်နှင့်အတူ ယင်းကိုအသုံးချသည့်ကျင့်ဝတ်ကို သင်ကြားလေ့ကျင့်ပေးရန်လည်း ပညာရေး၏ တာဝန်ဖြစ်လာသည်။ နည်းပညာကို မကောင်းသော ရည်ရွယ်ချက်များဖြင့် အသုံးပြုလျှင် လူ့အဖွဲ့အစည်းကို ဆိုးကျိုးသက်ရောက်နိုင်သည်။ AI ကိုပင် ကောင်းမွန်သော ရည်ရွယ်ချက်အတွက် အသုံးချနိုင်သကဲ့သို့ မမှန်ကန်သောနည်းလမ်းဖြင့် အသုံးချနိုင်သည်။ ထို့ကြောင့် နည်းပညာအသုံးပြုမှုကျင့်ဝတ်နှင့်အတူ တာဝန်ယူမှု၊ ရိုးသားမှု၊ ကိုယ်ကျင့်တရားနှင့် လူမှုတာဝန်သိစိတ်တို့လည်း လိုအပ်သည်။ အဆိုပါ လူ့တန်ဖိုးများကို ကျောင်းသားတို့၏ဦးနှောက်ထဲတွင် အထုံပါရမီအဖြစ် ဘဝတစ်သက်တာစွဲမြဲသွားစေရန် ပျိုးထောင်ပေးနိုင်သူမှာ ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေသည့် ဆရာများပင်ဖြစ်ပေသည်။ AI က နည်းပညာအသုံးချမှုကျင့်ဝတ်ကို ဖော်ဆောင်ပေးနိုင်ခြင်း ကင်းပေသည်။

ထို့အပြင် ဆရာသည် အသိနှင့် အတတ်ပညာသင်ပေးရုံသာမက ကျောင်းသားများအတွက် စံနမူနာကောင်းတစ်ခုဖြစ်အောင် နေထိုင်နေသူလည်းဖြစ်သည်။ ဆရာ၏ ပညာအရာတွင် ဝါနှင့် သမ္မာရင့်ကျက်မှု၊ တာဝန်ယူမှု၊ ရိုးသားမှု၊ စည်းကမ်းရှိမှု၊ တရားမျှတစွာ ဆုံးဖြတ်နိုင်မှုနှင့် ဆူကြံ့နိမ့်မြင့် ခွဲခြားမှုကင်းကာ တန်းတူလေးစားဆက်ဆံမှုတို့ကို ကျောင်းသားများက အတုမြင်၊ အတတ်သင်ပုံစံမျိုးဖြင့် သင်ယူကြသဖြင့် ဆရာသည် တပည့်အပေါင်း၏ **"စံနမူနာပြလူသား"** (Role Model) ဖြစ်ပေသည်။ တစ်ခါတစ်ရံ ဆရာက စာကြောင်းတစ်ကြောင်းမျှမရေးဘဲ မိမိ၏အပြုံး၊ ငြိမ်းအေးသောအမူအရာ၊ ယဉ်ကျေးသောဟန်ပန်အပြုအမူဖြင့် လူသားဆန်မှု၊ လူ့ယဉ်ကျေးမှု သင်ခန်းစာတစ်ခုခုကို သင်ကြားပေးနေတတ်သည်။ ထိုအရာသည် AI မည်မျှပင် တိုးတက်လာပါစေ အလွယ်တကူ အစားထိုး၍မရနိုင်သော လူသားဆန်မှုလက္ခဏာများဖြစ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် စေတနာတို့မှ ပေါက်ဖွားလာသည့်စာနာမှု၊ ကိုယ်ချင်းစာတရားရှိမှု၊ စာရိတ္တကောင်းမွန်မှု၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့ပင်ဖြစ်ပေသည်။

AI တိုးတက်လာခြင်းကို ဆရာများအတွက် စိုးရိမ်စရာမဟုတ်ပါ။ ဝမ်းသာစရာပါ။ AI သည် ဆရာတို့၏ သင်ကြားရေးလုပ်ငန်းများကို ပိုမိုထိရောက်စေမည့် သင်ကြားရေးအထောက်အကူပြု နည်းပညာတစ်ခုသာဖြစ်ပေသည်။ သင်ခန်းစာပြင်ဆင်ရာတွင် ပြဋ္ဌာန်းစာအုပ်အလွန် အချက်အလက်များကို ရယူဖြည့်စွက်၊ သင်နိုင်၊ ရှင်းပြနိုင်သည်။ ကျောင်းသားများ၏ အဆင့်အလိုက် လေ့ကျင့်ခန်းများ AI အကူအညီဖြင့် ဖန်တီးနိုင်သည်၊ အဖြေထုတ်နိုင်သည်။ ရှုပ်ထွေးသောအကြောင်းအရာများကို ရှင်းလင်းတင်ပြရန် နည်းလမ်းများရှာဖွေနိုင်သည်။ ထို့ကြောင့် AI ကို ဆရာ၏ လက်ထောက်အဖြစ် အသုံးချသင့်သည်။

ဆရာသည် AI ကို အသုံးချသူပါ။ AI ၏ အခိုင်းခံမဟုတ်ပေ။ အနာဂတ်ပညာရေးတွင် AI သည် ဆရာ့လက်ထောက်အဖြစ် ဆောင်ရွက်ရပေလိမ့်မည်။ AI ၏ လျင်မြန်စွာ အချက်အလက်များ စုစည်းနိုင်စွမ်းကိုအသုံးချပြီး ဆရာ၏ အတွေ့အကြုံ၊ ဉာဏ်ပညာ၊ ကျောင်းသားအပေါ်ထားသည့် လူသားဆန်မှုအရည်အသွေးတို့နှင့် ပေါင်းစပ်နိုင်ပါက ပညာရေး၏ အရည်အသွေး ပိုမိုမြင့်မားလာနိုင်သည်။ နည်းပညာက ဆရာ၏ လုပ်နိုင်စွမ်းကို ပိုမြင့်အောင်ကူညီနိုင်သဖြင့် ပညာရေး၏ အဓိကတာဝန်ဖြစ်သော လူသားပျိုးထောင်ရေးကို ပိုမိုကောင်းမွန်လာပေလိမ့်မည်။

AI ကို အသုံးပြုရာတွင်လည်း ဆရာ၏လမ်းညွှန်မှုသည် အရေးကြီးသည်။ AI မှပေးသော အချက်အလက်တိုင်းကို မှန်ကန်သည်ဟု မဆိုနိုင်ပေ။ AI သည် သူ့အလိုလို အရာရာကို သိနိုင်သူမဟုတ်ပေ။ AI ရှိ အချက်အလက်များသည် AI ပရိုဂရမ်ထည့်သွင်းသူ ပညာရှင်၏ ဗဟုသုတအပေါ်မူတည်သည်။

စာမျက်နှာ ၇ သို့

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

*စာမျက်နှာ ၆ မှ*

မည်သည့်နည်းပညာရှင်မှ အကုန်မသိနိုင်သဖြင့် ပြန်လည်စစ်ဆေးတတ်ရန် လိုအပ်သည်။ ကိုယ်တိုင်စဉ်းစားခြင်းမရှိဘဲ AI ထံမှရရှိသော အဖြေကိုသာ စဉ်းစားဆင်ခြင်မှုကင်းစွာ ကူးယူအသုံးပြုခြင်းသည် အသံတိတ်အလွတ်ကျက်မှု (Silent Rote Learning) ဖြစ်၍။ ဆင်ခြင်ဉာဏ်မဲ့ ပုံတူကူးမှုပင်ဖြစ်သည်။ ပညာရေး၏အဓိပ္ပာယ်ကို လျော့နည်းစေနိုင်သည်။

ထို့ကြောင့် ကျောင်းသားများအား AI ကို အသုံးပြုတတ်စေရုံသာမက **AI ကို ဆန်းစစ်ဝေဖန်မှု (Critical Thinking) ဖြင့် အသုံးပြုတတ်ရန်** ဆရာများက သင်ကြားပေးရမည်ဖြစ်သည်။ ဤနေရာတွင် ဆရာသည် AI အပါအဝင် နည်းပညာအသုံးပြုသူများကို လမ်းညွှန်ပေးသူအဖြစ် ပိုမိုအရေးကြီးသောကဏ္ဍမှ ပါဝင်လာပြီဖြစ်သဖြင့် ဆရာကိုယ်တိုင်က AI ကို ခိုင်းနိုင်သူ၊ AI ကို ကျွမ်းကျင်စွာ အသုံးချနိုင်သူဖြစ်ရန်နှင့် AI တွင် ပါဝင်သည့်အချက်အလက်များကို စိစစ်သုံးသပ်နိုင်သူဖြစ်ရလေအောင် မိမိဉာဏ်ပညာဗဟုသုတကို အမြဲလုံ့လထုတ် ဖြည့်ဆည်းနေရန် တာဝန်ရှိပေသည်။

ဆရာတို့၏တန်ဖိုးကို စာသင်ခန်းအတွင်း ပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ သင်ပြနိုင်မှုဖြင့် တိုင်းတာ၍မရနိုင်ပါ။ ဆရာ၏ စေတနာအပြည့်ဖြင့်ပြောခဲ့သော စကားတစ်ခွန်းကြောင့် ကျောင်းသား၏ဘဝကို မြင့်မားစေနိုင်သည်။ **“မင်းလုပ်နိုင်တယ်”**ဟူသော ယုံကြည်မှုတစ်ခုသည် တပည့်၏ အောင်မြင်မှုအတွက် အားအင်ဖြစ်လာနိုင်သည်။ **“အမှားလုပ်တာ မရှက်ရဘူး၊ အမှားကနေ သင်ခန်းစာမယူတာကိုပဲ ရှက်သင့်တယ်”**ဟူသည့် ဆရာ၏ အတွေးအမြင်တစ်ခုသည် မျိုးဆက်တိုင်း၏ ဘဝတစ်လျှောက်လုံးတွင် အားထားစရာ အယူအဆတစ်ခုဖြစ်လာနိုင်သည်။ ထိုသို့ပြောသည့်အချိန်တွင် ဆရာ (ဦးနှောက်အစစ်ပိုင်ရှင်)၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာတရားပြည့်ဝသည့် အသံ၊ အမူအရာ၊ စာနာမှု၊ အားပေးမှု၊ တပည့်အပေါ် ယုံကြည်မှု မျက်လုံးများသည် လူသားရဲ့မှုပိုင်ပါ။ AI စက်ရုပ်မှာ မရှိပါ။

ကျောင်းသားတစ်ဦး အောင်မြင်လာသောအခါ သူ၏နာမည်သည် ထင်ရှားလာနိုင်သော်လည်း ထိုအောင်မြင်မှု၏ နောက်ကွယ်တွင် ရှိနေသော ဆရာ၏အမည်မှာ မထင်ရှားနိုင်ပါ။ သို့သော် ဆရာသည် ထိုအရာကို မမျှော်လင့်ပါ။ ကျောင်းသား၏အောင်မြင်မှုကို မြင်ရခြင်းသည်ပင် ဆရာအတွက် အကြီးမားဆုံး ဆုလာဘ်တစ်ရပ်ဖြစ်သည်။ ကျောင်းသားကောင်းတစ်ဦးဖြစ်လာခြင်းသည် ဆရာ၏တာဝန်ကို အောင်မြင်အောင် ထမ်းဆောင်ခဲ့ခြင်းဖြစ်ပေသည်။

ယနေ့ ကမ္ဘာကြီးကို တိုးတက်အောင် အကျိုးပြုနေကြသော နယ်ပယ်အစုံမှ ပညာရှင်များအားလုံးသည် တစ်ချိန်က ဆရာတစ်ဦးဦး၏ရှေ့တွင် ထိုင်ခဲ့ကြသူများသာဖြစ်ကြပါသည်။ ထိုအထဲတွင် ယနေ့ AI နည်းပညာကို ဖန်တီးနေသူများပင်လျှင် တစ်ချိန်က **“ပထမဆုံးစာလုံး”**ကို ရေးတတ်အောင် သင်ပေးခဲ့သူ၊ **“ပထမဆုံးမေးခွန်း”**ကို ဖြေကြားနိုင်အောင် လမ်းညွှန်ပေးခဲ့သူ၊ **“မိမိ၏ အရည်အချင်းအစစ်အမှန်ကို ပထမဆုံးမြင်တွေ့ပြီး အားပေးပျိုးထောင်ခဲ့သူ”** ဆရာတစ်ဦး၏ကျေးဇူးကြောင့် ယခုလို ခေတ်သစ်နည်းပညာဖန်တီးနိုင်သောဘဝကို ပိုင်ဆိုင်နိုင်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် **AI ကို ဖန်တီးသူများအား ယခုလိုဖန်တီးနိုင်အောင် အစပြုပေးသူ လူသားသည် ဆရာများပင်ဖြစ်ပေသည်။ AI နှင့် ဆရာကြားတွင် မျိုးဆက်တစ်ဆက်ခြားနေခြင်း** ဟူသောအချက်က ဆရာတို့၏ မြင့်မားသည့်တန်ဖိုးကို အထင်အရှားဖော်ပြနေသည်။ သို့ပါ၍ ဆရာများသည် မြန်မာ့လူ့အဖွဲ့အစည်း၏ အနန္တဂိုဏ်းဝင်ဘဝကို သမိုင်းစဉ်ဆက် ရပ်တည်နိုင်ခဲ့သည်။

ကမ္ဘာ့ဆရာများနေ့သည် ဆရာ ဆရာမများကို ဂုဏ်ပြုသည့်နေ့ တစ်နေ့လောက်သာမဟုတ်ပါ။ ပညာ၏တန်ဖိုးကို အစောဆုံးလူသားမျိုးဆက်များဆီရောက်အောင် ပို့ပေးသူနှင့် ပို့ပေးမှုကို အမြဲသတိရရမည့်နေ့လည်းဖြစ်သည်။ မျိုးဆက်သစ်များ၏ ဘဝလမ်းကြောင်းကို ပြောင်းလဲပေးခဲ့သော ဆရာများ၏ ကျေးဇူးတရားကို အမှတ်တရဖော်ကျူးသည့်နေ့ဖြစ်သည်။ စာရေးတတ်အောင် **“ပထမဆုံးစာလုံး”** ကို သင်ပေးခဲ့သော ဆရာမှသည် မိမိ၏ မှန်ကန်၍တောက်ပသော အနာဂတ်ကို ကိုယ်တိုင်ရွေးချယ်နိုင်အောင် လမ်းညွှန်ပေးခဲ့သော ဆရာများအထိ ဆရာတိုင်းသည် မျိုးဆက်သစ်တို့၏ဘဝထဲတွင် AI က ချေဖျက်နိုင်စွမ်းမရှိသော မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် စေတနာဖြင့် ဘဝအောင်မြင်ရေးအုတ်မြစ်များကို ခိုင်မာစွာ ချထားပေးသူများဖြစ်ကြကြောင်း ဖော်ညွှန်းပြဆိုနေသည့် နေ့တစ်နေ့လည်းဖြစ်ပေသည်။

AI သည် လူသားတို့၏ အသိပညာရှာဖွေမှုကို ပိုမိုမြန်ဆန်စေနိုင်သည်။ သို့သော် အသိပညာကို အကျိုးရှိစွာ အသုံးချတတ်ရန် ဆရာ၏ လမ်းညွှန်မှုလိုအပ်သည်။ AI သည် အဖြေကို ပေးနိုင်သည်။ သို့သော် မေးခွန်းကို မှန်ကန်စွာမေးတတ်အောင် သင်ပေးသူမှာ ဆရာဖြစ်သည်။ AI သည် စာကို ရှင်းပြနိုင်သည်။ သို့သော် စာထဲမှ အသိပညာကို **“နေ့စဉ်ဘဝ အသုံးချပညာ”** အဖြစ် ပြောင်းလဲနိုင်အောင် လမ်းပြပေးသူမှာ ဆရာဖြစ်သည်။ AI သည် အချက်အလက်များကို သိမ်းဆည်းနိုင်သည်။ သို့သော် လူသားတစ်ဦး၏ စိတ်နှလုံးကို နားလည်ပေးပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ အမြဲပွားများနေရေး၊ အမှန်တရား၊ ရိုးသားမှု၊ ကိုယ်ချင်းစာမှုနှင့် တာဝန်ယူမှုတို့ကို ပျိုးထောင်ပေးသူမှာ ဆရာဖြစ်သည်။ AI မှာ ဆရာကဲ့သို့ စိတ်ကို ဖြူစင်ယဉ်ကျေးအောင်၊ စာနာတတ်အောင်၊ လူ့အဖွဲ့အစည်းကောင်းကျိုး သယ်ပိုးလိုစိတ်၊ တာဝန်သိစိတ်၊ တာဝန်ယူစိတ်တို့ ဖြစ်ထွန်းလာအောင် ခိုင်းစေနိုင်သည့် **“စေတသိက်”**ကို ပိုင်ဆိုင်ခြင်းမရှိပေ။

ထို့ကြောင့် AI နည်းပညာတိုးတက်လာခြင်းသည် ဆရာတို့၏ တန်ဖိုးကို လျော့နည်းလာစရာမရှိပေ။ အမှန်မှာ AI ခေတ် ရောက်လာလေလေ **လူသားဆန်မှု၏ တန်ဖိုး၊ စာရိတ္တ၏ မြင့်မြတ်ဂုဏ်နှင့် ဆရာတို့၏ လူသားပျိုးထောင်ရေးအခန်းကဏ္ဍသည် ပိုမိုထင်ရှားလာလေလေ**ဖြစ်သည်။ နည်းပညာသည် လူသားတို့၏ လက်ထဲတွင် အစွမ်းထက်သော ကိရိယာတစ်ခုဖြစ်နိုင်သော်လည်း ထိုကိရိယာကို မည်သို့အသုံးချရမည်ကို ဆုံးဖြတ်ပေးမည့် လူသားမျိုးစေ့ကောင်းများကို ပျိုးထောင်ပေးရန် ဆရာကောင်း၊ ဆရာမြတ်တို့၏အခန်းကဏ္ဍ အမြဲလိုအပ်နေမည်ဖြစ်သည်။ **ခေတ်တွေ ပြောင်းလဲသွားမည်။ နည်းပညာတွေ တိုးတက်လာမည်။ AI တွေ ပိုမိုထက်မြက်လာမည်။ သို့သော် ကျောင်းသားတစ်ဦး၏ မျှော်လင့်ချက်ကို နားလည်ပေးမည့် ဆရာ၏ မျက်လုံး၊ ကျရှုံးသည့်အခါ ပြန်ထူပေးမည့် ဆရာ၏လက်နှင့် အနာဂတ်ကို ယုံကြည်စွာလမ်းညွှန်ပေးမည့် ဆရာ့နှလုံးသားတန်ဖိုးများကို AI အပါအဝင် မည်သည့်နည်းပညာနှင့်မျှ အစားထိုး၍မရနိုင်ပါ။**

အနာဂတ်ကို AI က ပိုမိုထက်မြက်အောင် ဖန်တီးပေးနိုင်သော်လည်း ထိုအနာဂတ်ကို ကောင်းမွန်စွာ တည်ဆောက်မည့်လူသားများကို ပျိုးထောင်ပေးသူမှာ ဆရာများပင်ဖြစ်သည်။ ထို့ကြောင့် ဆရာသည် AI နှင့် ယှဉ်ပြိုင်ရမည့်သူမဟုတ်ပါ။ **AI ကို ဖန်တီးနိုင်၊ အသုံးချနိုင်ပြီး လူသားဖွံ့ဖြိုးရေးအတွက် အကျိုးရှိအောင် အသုံးချတတ်မည့်မျိုးဆက်များကို လမ်းညွှန်ပျိုးထောင်ပေးသူ** ဖြစ်ပေသည်။

သို့ဖြစ်၍ နည်းပညာမည်မျှပင် တိုးတက်လာပါစေ၊ ခေတ်တွေမည်မျှပင် ပြောင်းလဲလာပါစေ၊ လူသားတို့၏ ဘဝလမ်းကြောင်းကို ပညာအလင်းဖြင့် ထွန်းညှိလမ်းပြပေးသော ဆရာတို့၏တန်ဖိုးသည် အစဉ်အမြဲ မလျော့မပါး တည်ရှိနေမည်ဖြစ်သည်။ AI သည် စက်ရုပ်ပါ၊ ဆရာ ဆရာမများ၏ လက်ထဲကထွက်သွားသည့် တပည့်များက AI ကို တီထွင်သူ၊ AI စက်ရုပ်နှင့် ဆရာကြား မျိုးဆက်တစ်ဆက် ကွာခြားနေသေးသည်။ ဉာဏ်ရည်အတုက ဉာဏ်ရည်အစစ်ဖြစ်သူ တပည့်များက ဖန်တီးထားသည့်စက်ရုပ်၊ ထိုစက်ရုပ်မှာ အချက်အလက်ကို မြန်မြန်စုစည်းနိုင်စွမ်းသာရှိ၏။

အချက်အလက်များကို အသစ်အသစ်ဖန်တီးနိုင်သည့် တီထွင်နိုင်စွမ်းမရှိ။ လူသား အထူးသဖြင့် AI ပရိုဂရမ်ထည့်သွင်းသူ ခိုင်းသလောက်သာလုပ်နိုင်၏။ ဝေဖန်ပိုင်းခြား၍ မလုပ်နိုင်။ အပြောင်းအလဲအခြေအနေတစ်ခုကို ရင်ဆိုင်ကျော်လွှားရန်မတတ်နိုင်ပေ။ ပြောင်းလဲသောအခြေအနေနှင့် အခက်အခဲကို ကျော်လွှားနိုင်ရန် လူသား၏စိတ်ကို ဖန်တီးလိုစိတ်ဖြစ်သွားအောင် ခိုင်းစေနိုင်တာက **“စေတသိက်” ပါ။**

ယင်း **“စေတသိက်”**သည် ဆရာများနှင့် သူ၏ နောက်မျိုးဆက်များဖြစ်သည့် တပည့်လူသားများမှာသာရှိသည့် **“ဝိသေသထူး”** ဖြစ်၏။ ထိုဝိသေသထူး **“စေတသိက်”**ကြောင့် အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာ၊ စာနာမှု၊ ကိုယ်ချင်းစာမှု၊ စာရိတ္တပြည့်ဝမှု၊ လူ့အဖွဲ့အစည်းငြိမ်းချမ်းမှုများ ဖြစ်လာ၏။

သို့အတွက် အဆိုပါလူသားဆန်မှုကင်း၍ အချက်အလက်စုဆောင်းထားသော AI ဉာဏ်ရည်တုနှင့် **“လူသားဆန်မှု ဝိသေသထူးများ အပြည့်အဝ”** ရှိသည့် ဉာဏ်ရည်အစစ်ပိုင်ရှင် ဆရာများ၏စွမ်းရည်၊ ဉာဏ်ရည်တို့ကို ဘယ်လိုမှ မနှိုင်းယှဉ်အပ်ပါသဖြင့် ဆရာ့တန်ဖိုးသည် **“အနန္တဂိုဏ်းဝင်”** မြင့်မြင့်မြတ်မြတ်နေရာမှာသာ ဆက်လက်၍ တည်တည်တံ့တံ့ ရပ်တည်နေမည်ဖြစ်ပြီး နိမ့်ကျသွားစရာလုံးဝမရှိကြောင်း သမိုင်းစဉ်ဆက် ပေါ်ထွန်းခဲ့သော ဆရာများအား ဦးခိုက်လျက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျိုက်ထီးရိုးစေတီတော်သို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ဖြေလျှော့ပေးရေး၊ စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများဆောင်ရွက်ပေးရေး၊ မြေငှားဂရန်ထုတ်ပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တန်ဖိုးသင့် အိမ်ရာများ တည်ဆောက်ပေးရေးနှင့် တံတားအဆင့်မြှင့်တင်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးစိုးလှ၏ **ကျိုက်ထီးရိုးစေတီတော်တည်ရှိရာဒေသသို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ရှိသည့် အခြေအနေအား ဖြေလျှော့ပေးရန် သို့မဟုတ် ၎င်းတို့ အလွယ်တကူ ဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး က ကျိုက်ထီးရိုးစေတီတော်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခုထက်ပို၍ အလွယ်တကူ လွတ်လပ်စွာ ဝင်ရောက်နိုင်ရန်အတွက် Online မှတစ်ဆင့် လျင်မြန်စွာ ခွင့်ပြုချက်ရယူနိုင်သည့်စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားသားခရီးသွား ဧည့်သည်များဝင်ရောက်မှု၊ တည်းခိုမှုနှင့် သွားလာမှုများကို သက်ဆိုင်ရာဌာနများမှ စနစ်တကျမှတ်တမ်းထားရှိခြင်း၊ ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးလာရောက်လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များမှ လုံခြုံရေးပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ပွင့်လင်းရာသီကာလ ဘုရားဖူးဧည့်သည်များ အများဆုံးလာရောက်သည့် အချိန်အခါများ၌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရတို့မှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ခရီးသွားလာခွင့်ဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၏ လုံခြုံရေးကို အလေးထားဆောင်ရွက်နိုင်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ခရီးလှည့်လည်ရေးကုမ္ပဏီများ၏ အစီအစဉ်ဖြင့် ဝင်ရောက်သည့်ခရီးစဉ်(Package Tour)များအတွက် ခရီးစဉ်ကြိုတင်ခွင့်ပြုမိန့်ရရှိစေရေးအတွက် ၁၄ ရက် ကြိုတင်၍ တင်ပြရမည့်အစား ရုံးပိတ်ရက်မပါ ၁၀ ရက် ကြိုတင်၍ တင်ပြရန် ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည်များ အဆင်ပြေစွာလည်ပတ်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်၊ သဘောထားမှတ်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀/၁၁/၁၄) တို့အတွက် စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က မလှိုင်မြို့သည် ရပ်ကွက်ကြီး လေးခုနှင့် ထန်းတောရပ်ကွက် တိုးချဲ့ကွက်သစ်ဟူ၍ ခြောက်ရပ်ကွက်ရှိပြီး စည်ပင်သာယာမှ မြို့ရေပေးဝေနိုင်မှုမှာ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) ရပ်ကွက်များသို့ ပေးဝေလျက်ရှိပြီး ယခုတင်ပြသည့် မြို့ဦး ကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ (၁၄) တို့သည် အမြင့်ပိုင်းတွင် တည်ရှိသောကြောင့် လက်ရှိ ရေမပေးဝေနိုင်ခြင်း ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ(၁၄)တို့အတွက် သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရန် ၆" စက်ရေတွင်းတူးဖော်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများအား ဆောင်ရွက်မည်ဆိုပါက ယခုလက်ရှိဒေသပေါက်ဈေးနှုန်းဖြင့် တွက်ချက်ပါက ခန့်မှန်းကုန်ကျငွေကျပ် ၂၉၈ ဒသမ ၆ သန်းကုန်ကျမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံ၍ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **ရန်ကုန်မြို့အတွင်းရှိ ဘတ်စ်ကားမှတ်တိုင်များနှင့် ရှေ့နောက်ကြော်ငြာဆိုင်းဘုတ် လုပ်ပိုင်ခွင့်စာချုပ်အား မည်သို့ပြန်လည်စိစစ်၍ ဥပဒေနှင့်အညီ မည်ကဲ့သို့အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဘတ်စ်ကားမှတ်တိုင်တည်ဆောက်ခြင်း ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်းကို FML Decaux Co.,Ltd. တစ်ခုတည်းကိုသာ လုပ်ကိုင်ခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် ဘတ်စ်ကားမှတ်တိုင်တည်ဆောက်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီများကိုလည်း စာချုပ်ပါသတ်မှတ်ချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး FML Decaux Co.,Ltd. အနေဖြင့်လည်း တစ်စုံတစ်ရာ ဖောက်ဖျက်ကျူးလွန်ခြင်းမရှိပါ၍ ၎င်းကုမ္ပဏီကို အရေးယူဆောင်ရွက်သွားရန် မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်၌ အိမ်ရာကွက်ဖော်ပြီး အဆောက်အအုံများ ဆောက်လုပ်ရောင်းချခြင်းနှင့် ဂရန်မြေကွက်များ ရောင်းချခြင်းသည် မည်သည့်ဌာနမှ ခွင့်ပြုထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ 9-Avenue Villa အား I Green Construction Co., Ltd. မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအရ တရားစွဲဆိုအရေးယူထားပါကြောင်း၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင်လည်း မြေကွက်ခွဲစိတ်လျက်ရှိပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မရှိပါကြောင်း။




အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ Palm Hill Villa အား I Green Construction Co.,Ltd. မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေအရ တရားစွဲဆိုအရေးယူထားပါကြောင်း၊ မြေကွက် ၂ ဒသမ ၉၂၈ ဧကတွင် အဆောက်အအုံ ရှစ်လုံး တင်ပြထားသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရာ မြေကွက်ခွဲစိတ်ပြီး မြေကွက်တစ်ကွက်ချင်းစီအလိုက် တင်ပြလာမှသာ ဆောင်ရွက်ပေး၍ ရမည်ဖြစ်ကြောင်း အမှုတွဲပိတ်သိမ်းခွင့်တွင် ထည့်သွင်းအကြောင်းကြားထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်းမရှိပါကြောင်း။

အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်ရှိ OASIS Villa အား I Green Construction Co.,Ltd. မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုခ်ဦးနှင့်အကာအရံများသာ ဆောင်ရွက်ထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်း မရှိပါကြောင်း။

အင်းစိန်မြို့နယ် မြို့သစ်(၈)ရပ်ကွက်ရှိ Royal Taw Win Villa မြေပြင်စစ်ဆေးချက်အရ Royal Ponnami Residences အား Max Co.,Ltd. နှင့် ရွှေတောင်ကုမ္ပဏီလီမိတက်တို့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခြံစည်းရိုးကာရံခွင့်တင်ပြထားခြင်းနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်း မရှိပါကြောင်း။

အဆိုပါ အိမ်ရာစီမံကိန်းများအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ)တို့မှ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အား ထုတ်ပေးထားခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟင်္သာတမဲဆန္ဒနယ်မှ ဦးငွေဝင်း၏ **ဟင်္သာတမြို့ ရုံးကြီးရပ်ကွက် ကြက်ခြေနီအသင်းရုံးနှင့် မိခင်နှင့် ကလေးအသင်းရုံးတို့၏ ရုံးမြေနေရာအား စည်ပင်သာယာဦးစီးဌာနမှ စွန့်လွှတ်ပေး၍ မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးတို့ ဆောက်လုပ်ထားသောမြေနေရာသည် ဟင်္သာတမြို့ ရုံးကြီးရပ်ကွက် ဦးရွှေဒွေးလမ်းနှင့် ဗိုလ်စောမောင် လမ်းကြားရှိ အကွက်အမှတ်-၃၂၊ အကွက်အမည် ရုံးကြီးရပ်၊ ဦးပိုင် အမှတ်-၇၊ ဧရိယာ ၁ ဒသမ ၀၇ ဧကရှိ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းအရ 1(A) မြူနီစီပယ် အမည်ပေါက်မြေပေါ်တွင်တည်ရှိပြီး မြို့နယ်ကြက်ခြေနီအသင်းရုံးမှာ အကျယ်အဝန်း အလျား ပေ ၅၀၊ အနံ ၂၆ ပေ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးမှာ အကျယ်အဝန်း အလျား ၁၀၁ ပေ၊ အနံ ၄၄ ပေ ရှိပါကြောင်း။

ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါမြေနေရာအား မြို့၏ အဓိကကျသော Down Town Area တွင်ရှိသဖြင့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အများပြည်သူ ကိုယ်လက်လှုပ်ရှားအပန်းဖြေရန်နေရာအဖြစ် ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြူနီစီပယ် အမည်ပေါက်မြေနေရာပေါ်တွင် တည်ဆောက်ထားသော မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး မြေနေရာများနှင့်ခြံဝင်းတို့အား လတ်တလော စွန့်လွှတ်မည့်အစီအစဉ် မရှိသေးပါကြောင်းနှင့် ဆက်လက်အသုံးပြုရန် ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်၏ **စေတုတ္တရာမြို့နယ်အတွင်းရှိ မျဉ်းကြောင်းတောင်အဆင်းမှ တပွင်ရွာအထိလမ်း၌ ဖူးဝမှကျောက်ချောလမ်းအား ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ကျန်ဂဝံလမ်းအား ကျောက်ချောလမ်းအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် က စေတုတ္တရာမြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်းမှခွဲထွက်ပြီး ကျေးရွာချင်းဆက်လမ်းဖြစ်သည့် မျဉ်းကြောင်းတောင်(ဥမ္မာကုန်း)အဆင်းမှ တပွင်ရွာအထိလမ်းသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ အလယ်ဟန်ဒေါက်-ဖူးလမ်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်း၏ အခြေအနေမှာ ကျောက်လမ်း ခြောက်မိုင် ငါးဖာလုံနှင့် အမာခံလမ်း ကိုးမိုင် လေးဖာလုံဖြစ်ပြီး စုစုပေါင်း ၁၆ မိုင် တစ်ဖာလုံဖြစ်ပါကြောင်း။

၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် မူလကျောက်လမ်းပိုင်းမှ ပျက်စီးမှုများသော လမ်းအရှည် တစ်မိုင် လေးဖာလုံအား ကျောက်လမ်း ပြုပြင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသော အမာခံလမ်းများအား ကျောက်လမ်းခင်းခြင်းလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေတွင် နှစ်အလိုက် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **Smart City ဖြစ်စေရန် တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးခြင်း၊ စက်မှု/ စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းအား အကျိုးတူလုပ်ကိုင်ရန် အငှားမြေများ ချထားပေးခြင်းနှင့် ကားလမ်းမပေါ်တွင် ဈေးရောင်းချနေသူများကို စနစ်တကျရှင်းလင်းပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပါအဝင် မြို့ကြီးများတွင်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားများနှင့် အိမ်ငှားရမ်းနေထိုင်လိုသူ ပြည်သူများအတွက် အိမ်ငှားခသက်သာသော ပြည်သူ့အငှားအိမ်ရာစီမံကိန်းများနှင့် တန်ဖိုးနည်း/တန်ဖိုးမျှတ အရောင်းအိမ်ရာများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်း တည်ဆောက်၍ ငှားရမ်းခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

မြို့ကြီးများ၌ အလုပ်အကိုင်အခွင့်အလမ်းအတွက် စက်မှု/စိုက်ပျိုး/မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားသော စက်မှုဇုန် စုစုပေါင်းဧရိယာ ဧက ၁၂၀၀၀ ကျော် ရှိသည့်အပြင် ညောင်နှစ်ပင် စိုက်ပျိုး/မွေးမြူရေးဇုန်ဧရိယာ ၁၀၀၆၂ ဧက၊ တွံတေး၊ ကော့မှူး၊ တိုက်ကြီး မွေးမြူရေးဇုန်ဧရိယာ ၃၈၂၂ ဧကနှင့် သီလဝါ စိုက်ပျိုး/မွေးမြူရေးဇုန်၊ ရွှေမယင်းငါးမွေးမြူရေးကန်တို့ကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ကျေးလက်နှင့် နယ်မြို့များတွင် နေစရာနှင့် အလုပ်အကိုင်အတွက် အငှားမြေယာများ ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်း၍ စိုက်ပျိုး/မွေးမြူရေး ဆောင်ရွက်ရန်အတွက် မြေယာလိုအပ်သူများ၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေအသုံးပြုခွင့်တင်ပြတောင်းခံဆောင်ရွက်နိုင်ပါကြောင်း။

မြို့ကြီးများ၏ ကားလမ်းမပေါ်တွင် ကြုံသလိုဈေးရောင်းချနေသူများ၏ စားဝတ်နေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စည်ပင်သာယာရေးအဖွဲ့များက သတ်မှတ်နေရာများတွင် ဈေးရုံများ၊ အခွန်လွတ်ဈေးများ၊ ရပ်ကွက်ဈေးများတည်ဆောက်၍ ယင်းနေရာများတွင် ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း စည်းကမ်းမဲ့ ကျူးကျော်ရောင်းချခြင်းများကို စည်ပင်သာယာရေးဥပဒေများနှင့်အညီ ပညာပေးခြင်း၊ ရှင်းလင်းဖယ်ရှားခြင်းဖြင့် စနစ်ကျ၍ သန့်ရှင်းသပ်ရပ်သည့် မြို့များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦး၏ **ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်း ကျေးရွာအုပ်စုချင်းဆက်လမ်းအား ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ထည့်သွင်းလျာထား၍ ပျက်စီးနေသောလမ်းကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်းလမ်းသည် အိမ်မဲ - ဒါးကလမ်းပေါ်ရှိ ချောင်းဖျားကျေးရွာမှစတင်၍ သရက်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသော စုစုပေါင်းအရှည် ၁၂ မိုင် ၅ ဖာလုံရှိသည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း သုံးမိုင် ငါးဖာလုံနှင့် ကျောက်ခင်းလမ်း ကိုးမိုင်ဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၁၂ မိုင် ၅ ဖာလုံ ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ပထမအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော ကျောက်ခင်းလမ်းအရှည် လေးဖာလုံကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် လျာထားပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ကျောက်ခင်းလမ်းအသစ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို နှစ်အလိုက်ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **တီးတိန်မြို့နယ် မဏိပူရ်မြစ်ကူး ဒါတ်တားတံတားအား အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ချင်းပြည်နယ် တီးတိန်ခရိုင် တီးတိန်မြို့နယ်ရှိ မဏိပူရ်မြစ်ကူးဒါတ်တား တံတားသည် ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ပတ်ဇန်-ဟေလေး လမ်းပေါ်တွင်တည်ရှိသည့် အရှည်ပေ ၃၅၀ ရှိသော တံတားဖြစ်ပါကြောင်း၊ အဆိုပါ တံတားသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းရန်ပုံငွေဖြင့် သံပေါင်ကြိုးတံတား အလျား ပေ ၃၅၀ နှင့် အကျယ် ၁၄ ပေ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၎င်းဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သော တံတားဖြစ်ပါကြောင်း။

လတ်တလောအခြေအနေအရ ၎င်းတံတားအား ခံနိုင်ဝန် တန် ၆၀ အထိ အဆင့်မြှင့်တင် တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်ယာဉ်သွားလာမှုလိုအပ်ချက်ရှိသည့် ကာလမှသာ အဆိုပါတံတားအား ခံနိုင်ဝန် တန် ၆၀ အထိ အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အပိုင် ထူးကြီး-ကညွတ်ကုန်းလမ်းမှာ ပျက်စီးနေပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အပိုင် ထူးကြီး-ကညွတ်ကုန်းလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပျက်စီးနေသော လမ်းအရှည် သုံးဖာလုံအား ချောင်းကျောက်ဖြင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ပထမအဆင့်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော လမ်းအရှည် ငါးဖာလုံကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန် လျာထားပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ကျန်ရှိသော လမ်းပိုင်းများကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **"မြန်မာမှုရိုးရာစားစရာ "ထမနဲ"ကိုလည်းကောင်း၊ မြန်မာမှုလက်ရာရက်ကန်းပညာ "လွန်းရာကျော် ကြိုးကြိုးချိတ်လုပ်ငန်း" ကိုလည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့လုပ်ဆောင်သင့်ကြောင်း** အဆိုကို တင်သွင်းရာ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးနေလင်းအောင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ ကမ္ဘာတစ်ဝန်း၌ နှလုံးနှင့်သွေးကြောရောဂါများကြောင့် နှစ်စဉ် လူဦးရေ ၁၉ ဒသမ ၈ သန်းကျော် သေဆုံးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ ကမ္ဘာတစ်ဝန်း၌ နှလုံးနှင့် သွေးကြောရောဂါများကြောင့် နှစ်စဉ် လူဦးရေ ၁၉ ဒသမ ၈ သန်းကျော် သေဆုံးနေရပြီး အဆိုပါသေဆုံးမှုများ၏ ၈၅ ရာခိုင်နှုန်းမှာ နှလုံးသွေးကြောပိတ်ခြင်းကြောင့် ရုတ်တရက်နှလုံးရပ်၍ သေဆုံးခြင်းနှင့် ဦးနှောက်သွေးကြောပိတ်ခြင်းကြောင့် လည်းကောင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းကြောင့် လည်းကောင်း၊ လေဖြတ်ခြင်းကြောင့်လည်းကောင်း သေဆုံးနေရခြင်းဖြစ်ကြောင်း ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပသည့် (၂၀၂၆) ခုနှစ် "ကမ္ဘာ့နှလုံးကျန်းမာရေးနေ့" အခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သည့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားစေသည့် အကြောင်းရင်းများကို ကောက်ယူသည့်စစ်တမ်း (STEPS Survey) အရ အရွယ်ရောက်သူ ၂၄ ဒသမ ၄ ရာခိုင်နှုန်းတွင် သွေးတိုးရောဂါရှိကြောင်း၊ အသက် ၄၀ နှစ်မှ ၆၉ နှစ် အရွယ်များတွင် နှလုံးနှင့်သွေးကြောရောဂါရှိသူ ၁၃ ဒသမ ၄ ရာခိုင်နှုန်း ရှိနေသည့်အပြင် လာမည့် ၁၀ နှစ်အတွင်း နှလုံးနှင့်သွေးကြောရောဂါ ဖြစ်လာနိုင်ခြေ ၂၀ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း၊ ယခု ၂၀၂၆ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Don't Miss A Beat" ဖြစ်ပြီး "နှလုံးခုန်သံတိုင်းကို သတိပြုလို့ နှလုံးကျန်းမာရေး ဂရုစိုက်စို့" ဟု မြန်မာလိုဘာသာပြန်ဆိုထားပါကြောင်း။

နှလုံးကျန်းမာရေးသည် အလွန်အရေးကြီးသည့်အတွက် နှလုံးရောဂါ၏လက္ခဏာများကို မလွတ်စေဘဲ စောစီးစွာသတိပြုခြင်း၊ စစ်ဆေးကုသခြင်းနှင့် နှလုံးကျန်းမာရေးကို ဂရုစိုက်ရန် တိုက်တွန်းသောအသိပညာပေးသတင်းစကားဖြစ်ကြောင်း မကူးစက်နိုင်သောရောဂါများအတွက် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်မှာ နှလုံးနှင့် သွေးကြောရောဂါများ၊ ကင်ဆာရောဂါများ၊ ဆီးချိုရောဂါနှင့် နာတာရှည်အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် အသက် ၃၀ မှ ၇၀ အတွင်း အချိန်မတိုင်မီသေဆုံးမှုကို သုံးပုံတစ်ပုံလျှော့ချရန်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများစားသုံးခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုနှင့် အရက်အလွန်အကျွံ သောက်သုံးမှုကိုရှောင်ကြဉ်ခြင်း၊ သင့်တင့်သော ကိုယ်လက်လှုပ်ရှား အားကစားပုံမှန်ပြုလုပ်ခြင်း၊ စိတ်ဖိစီးမှုနည်းနိုင်သမျှနည်းအောင် ပြုမူနေထိုင်ခြင်းတို့ဖြင့် နှလုံးနှင့်သွေးကြောရောဂါများဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ကြောင်း ပြောကြားသည်။



၂၀၂၆ ခုနှစ် "ကမ္ဘာ့နှလုံးကျန်းမာရေးနေ့" အထိမ်းအမှတ်အဖြစ် နေပြည်တော်ပြည်သူ့ ဆေးရုံကြီး (ခုတင်-၁၀၀၀) နှလုံးကြပ်မတ်ကုသဆောင်တွင် လူဦးရေ ၁၀၀ ကို AI ECG vest တပ်ဆင်နေမှုကို ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူဦးရေ ၃၀၀၊ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် လူဦးရေ ၂၅၀ နှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် လူဦးရေ ၂၅၇ ဦးတို့ကို AI ECG vest တပ်ဆင်ပေးခဲ့ပြီး နှလုံးကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်ကော်မြို့၌ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ ကျင်းပ

**လှိုင်ကော် စက်တင်ဘာ ၂၉**

အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို



လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ကကျင်းပရာ ကယားပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဂျိုးဇက်ကျော်က ခွေးကိုက်ခံရပါက ၂၄ နာရီအတွင်း ခွေးရူးရောဂါကာကွယ်ဆေး ထိုးခြင်းသည် အကောင်းဆုံး ဖြစ်ပါကြောင်းနှင့် မိမိအိမ်တွင် မွေးထားသည့် ခွေး၊ ကြောင်များကိုလည်း နှစ်စဉ် ခွေးရူးရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံသင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ခွေးရူးရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အိမ်မွေးခွေးနှင့် ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိုးရွာသွန်းခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လူတိုင်းဥပဒေအသိပညာရရှိရန် ဥပဒေရေးရာဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုမှသည် တရားဥပဒေစိုးမိုးရေးဆီသို့

**ဥပဒေရေးရာဝန်ကြီးဌာန**

**တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းသာယာရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှု အားကောင်းလာစေရန် ပြည်သူတိုင်း ဥပဒေကို သိရှိနားလည်ပြီး လေးစားလိုက်နာခြင်းသည် အရေးကြီးပေသည်။ ပြည်သူတိုင်း ဥပဒေသိရှိနားလည်စေရန် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ ပုံစံအမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်သည် အထိရောက်ဆုံးသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။**

> ❑ **ဥပဒေအသိပညာပြန့်ပွားရေးဆိုသည်မှာ အများပြည်သူကို မိမိတို့၏ ဥပဒေအခွင့်အရေး၊ လိုက်နာရန် ဥပဒေတာဝန်များနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေပြီး မိမိကိုယ်ကိုကာကွယ်နိုင်ရန်၊ တရားမျှတမှု ရယူနိုင်ရန်၊ လုပ်သင့်မလုပ်သင့်သည်ကို ကောင်းစွာခွဲခြားသိရှိနားလည်စေရန် တို့အတွက် ဥပဒေရေးရာများနှင့်စပ်လျဉ်းသည့် အသိပညာပေးလုပ်ငန်းစဉ် ပင်ဖြစ်**
>
> ❑ **Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများကို ဥပဒေအခြေခံများ သင်ကြားပေးခြင်းဖြင့် ဥပဒေ၏ အကျိုးအပြစ်အား သိရှိနားလည်စေပြီး တရားဥပဒေစိုးမိုးရေးအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ရပ် ချမှတ်နိုင်**

ဥပဒေအသိပညာပြန့်ပွားစေခြင်းအားဖြင့် ပြည်သူများသည် မိမိတို့၏ လိုက်နာစောင့်ထိန်းရမည့်တာဝန်နှင့် အခွင့်အရေးကို ကောင်းစွာခွဲခြားသိမြင်လာတတ်ခြင်းဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ တိုးတက်မြင့်မားလာစေပါသည်။ ထို့ကြောင့် ဥပဒေဆိုင်ရာ အသိပညာပေးခြင်း (Legal Advocacy)သည် လူတစ်ဦးချင်းစီ၏ ဘဝလုံခြုံမှုကို ခိုင်ခံ့စေရုံသာမက နိုင်ငံတော်၏တရားဥပဒေစိုးမိုးရေးတိုးမြှင့်မှုအတွက် အဓိက လုပ်ငန်းစဉ်နှင့် အခြေခံအုတ်မြစ်ဖြစ်ပေသည်။ အဆိုပါအချက်ကို ကောင်းစွာရှုမြင်သော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို ဥပဒေရေးရာဝန်ကြီးဌာနက တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိပါသည်။

### ဥပဒေအသိပညာပြန့်ပွားရေး

ဥပဒေအသိပညာပြန့်ပွားရေးဆိုသည်မှာ အများပြည်သူကို မိမိတို့၏ ဥပဒေအခွင့်အရေး၊ လိုက်နာရန် ဥပဒေတာဝန်များနှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေပြီး မိမိကိုယ်ကိုကာကွယ်နိုင်ရန်၊ တရားမျှတမှုရယူနိုင်ရန်၊ လုပ်သင့်မလုပ်သင့်သည်ကို ကောင်းစွာ ခွဲခြားသိရှိနားလည်စေရန်တို့အတွက် ဥပဒေရေးရာများနှင့်စပ်လျဉ်းသည့် အသိပညာပေး လုပ်ငန်းစဉ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဤလုပ်ငန်းစဉ်သည် ဥပဒေပြဋ္ဌာန်းချက်များကို အလွတ်ကျက်မှတ်ခြင်းသက်သက် မဟုတ်ဘဲ နိုင်ငံသားတစ်ဦးအနေဖြင့် နေ့စဉ်ကြုံတွေ့ရသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအငြင်းပွားမှုများကို ဥပဒေနှင့်အညီ ခွဲခြမ်းစိတ်ဖြာ ဖြေရှင်းနိုင်သည့် အသိပညာကြွယ်ဝမှု လက်တွေ့ကျွမ်းကျင်မှု (Practical Skills) နှင့် ဝေဖန်ပိုင်းခြားနိုင်မှု (Critical Legal Awareness)ပေးသည့် ပညာရပ်လည်းဖြစ်သည်။

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာနကို ဌာနခွဲ ငါးခုဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း (Legal Advocacy Center, LAC) ကို ဖွင့်လှစ်ခဲ့၍ မိမိဌာနတွင်းဝန်ထမ်းများအတွက်သာမက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအပါအဝင် အရာထမ်းအမှုထမ်းများ၊ ရှေ့နေရှေ့ရပ်များ၊ တက္ကသိုလ်များရှိ ဥပဒေပညာအထူးပြု ကျောင်းသားများ စသည့် အလွှာပေါင်းစုံတို့အား ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ပုံစံမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

- ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းများ ဖွင့်လှစ်ခြင်း၊
- တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Naypyitaw State Academy မှ ဥပဒေကျောင်းသားများအတွက် လုပ်ငန်းခွင်လက်တွေ့ ကွင်းဆင်းခြင်းကို ဥပဒေရေးရာဝန်ကြီးဌာနတွင် ဆောင်ရွက်စေခြင်း)၊
- Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများအား ဥပဒေအသိပညာ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ခြင်း၊
- ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT)များကို ပညာရေးဝန်ကြီးဌာနမှ အထက်တန်းပြ ဆရာ ဆရာမများနှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဖွင့်လှစ်ခြင်းနှင့် ဆင့်ပွားသင်တန်းများ ပို့ချစေခြင်း၊
- နိုင်ငံတစ်ဝန်းလုံးတွင် ဥပဒေအရာရှိများက ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊
- ဥပဒေဆိုင်ရာစာအုပ်များထုတ်ဝေခြင်း၊
- ခေတ်မီနည်းပညာ အသုံးပြု၍ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Myanmar Law Information System လွှင့်တင်ခြင်းနှင့် Myanmar Legal AI Assis-tant စနစ် ဆောင်ရွက်ခြင်း)၊
- ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ လိုက်နာကျင့်သုံးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ဥပဒေအရာရှိများအား ဥပဒေသုတေသနအဖွဲ့ဖွဲ့စည်းပေး၍ ဥပဒေသုတေသနစာတမ်းများ ရေးသားပြုစုကာ ယင်းစာတမ်းများ ကိုးကား၍ နိုင်ငံတော်၏ မဏ္ဍိုင်ကြီး ၃ ရပ်ကို အထောက်အကူပြုပေးခြင်း၊

### ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများ ဖွင့်လှစ်ခြင်း

အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးရှိ အကြီးအကဲများ၏ ဆုံးဖြတ်ချက်များသည် ပြည်သူလူထုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည်ဖြစ်ရာ မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ဥပဒေအသိပညာရှိရန် အရေးကြီးပါသည်။ ထို့ကြောင့် ဥပဒေရေးရာဝန်ကြီးဌာနသည် အစိုးရဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းများကို ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများဖြစ်သည့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၇)အထိ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး (Certificate of Legal Advocacy ) (CLA) ချီးမြှင့်ပေးနိုင်ခဲ့ပါသည်။ ယခုအခါတွင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူး ၁၇၈ ဦးအား CLA လက်မှတ် ချီးမြှင့်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

အစိုးရဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးတွင် ဥပဒေနှင့်စပ်လျဉ်း၍ ကိုင်တွယ် ကျင့်သုံးနေရသည့် အဆင့်မြင့်အရာထမ်းများအား ဦးစားပေးရွေးချယ်ကာ ဥပဒေရေးရာ အခြေခံသဘောတရားများကို သိရှိနားလည်စေရန်၊ ဥပဒေရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ဥပဒေဝန်ဆောင်မှုများကို သိရှိနားလည်စေရန်၊ လုပ်ငန်းတာဝန်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရန်၊ ဥပဒေကို သိရှိနားလည်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ **ဥပဒေအသိပညာဒီပလိုမာ (Diploma in Legal Advocacy, DLA) သင်တန်းအမှတ်စဉ်(၁)**ကို သင်တန်းကာလ တစ်နှစ် ဖွင့်လှစ်သင်ကြားပို့ချနိုင်ခဲ့ပြီး ဥပဒေအသိပညာဒီပလိုမာ (DLA) ချီးမြှင့်ပေးခဲ့ပါသည်။ ယခုအခါ DLA လက်မှတ်ရရှိပြီးသူ ၅၀ ရှိပါသည်။

ဥပဒေအသိပညာဒီပလိုမာသင်တန်း(Diploma in Legal Advocacy, DLA)သည် ဥပဒေပညာရပ်အား နယ်ပယ်အသီးသီး၌ လက်တွေ့အသုံးချနိုင်မည့် နည်းလမ်းများကို ဦးစားပေးသင်ကြားပို့ချသည့် သင်တန်းဖြစ်သဖြင့် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်းဖြစ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးကဏ္ဍများ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလုပ်ငန်းများတွင် များစွာအထောက်အကူပြုစေရန် ဥပဒေအသိပညာဒီပလိုမာနှင့် ထိုက်တန်သည့် ဥပဒေသုတေသနစာတမ်းများ၊ ဥပဒေကျမ်းကြီးများကိုလည်း အောင်မြင်စွာ ပြုစုရေးသားစေသည့် သင်တန်း တစ်ခုဖြစ်ပါသည်။

### တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ဥပဒေရေးရာဝန်ကြီးဌာနသည် "ပြည်သူ့အတွက်တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" (Building Legal trust for the People) မဟာဗျူဟာစီမံကိန်းနှင့်အညီ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်အသီးသီးရှိဥပဒေပညာဌာနမှကျောင်းသားများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိရာ Naypyitaw State Academy မှ ဥပဒေအထူးပြုကျောင်းသားများအတွက် အမှတ်စဉ်(၁)နှင့် အမှတ်စဉ် (၂)ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ထိုသို့သင်ကြားပို့ချပေးခြင်းအားဖြင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ဥပဒေအား ပိုမိုလေးစားလိုက်နာတတ်စေရန်နှင့် တရားဥပဒေစိုးမိုးရေး၏ အရေးပါပုံအား သိရှိနားလည်ပြီး အနာဂတ်တွင် ပြည်တွင်းတွင်သာမက နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဥပဒေပညာရှင်များအဖြစ် လေ့ကျင့်ပေးနိုင်မည်ဖြစ်ပါသည်။

### အခြေခံပညာအထက်တန်းအဆင့်တွင် ဥပဒေအသိပညာသင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ခြင်း

ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သဖြင့် ၎င်းတို့အား ဥပဒေ အသိပညာပေးခြင်းသည် ငယ်စဉ်ကပင် ဥပဒေကို သိရှိနားလည်လာပြီး ဥပဒေကို လေးစားလိုက်နာတတ်သည့် နိုင်ငံသားကောင်းများဖြစ်လာစေရန် ဥပဒေရေးရာဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အခြေခံပညာအထက်တန်းအဆင့် Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများအား ဥပဒေအသိပညာသင်ကြားပို့ချသည့် လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ပထမဦးစွာ Grade 11 နှင့် Grade 12 သင်ကြားပို့ချမည့် အထက်တန်းပြ ဆရာ ဆရာမများကို ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT)များ ဖွင့်လှစ်ပို့ချခဲ့ပြီး ယင်းဆရာ ဆရာမများမှ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဥပဒေအသိပညာဆင့်ပွားသင်တန်းများကို ဆက်လက်ဖွင့်လှစ်ခဲ့ပြီး အထက်တန်းပြ ဆရာ ဆရာမများကို ဆင့်ပွားပို့ချခဲ့ပါသည်။ ဆရာ ဆရာမပေါင်း ၆၉၀၈ ဦးကို ToT ပေးနိုင်ခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအသိပညာ သင်ရိုးညွှန်းတမ်းစာအုပ် ပြုစုခဲ့ပြီး အခြေခံပညာအထက်တန်းအဆင့် Grade 11 နှင့် Grade 12 သင်ရိုးညွှန်းတမ်းတွင် ဥပဒေဘာသာရပ်သင်ကြားပို့ချချိန်ကို တစ်လလျှင် ပျမ်းမျှ ၃ ချိန်နှုန်းဖြင့် တစ်နှစ်လျှင် ၂၄ ချိန် ပြည့်မီအောင် ထည့်သွင်းကာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တို့တွင် Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများကို ဥပဒေအသိပညာသင်ကြားပို့ချလျက်ရှိပါသည်။

ထိုသို့ Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများကို ဥပဒေအခြေခံများ သင်ကြားပေးခြင်းဖြင့် ဥပဒေ၏ အကျိုးအပြစ်အား သိရှိနားလည်စေပြီး တရားဥပဒေစိုးမိုးရေးအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ရပ် ချမှတ်နိုင်သည်ကို တွေ့ရပါသည်။ ယခုအခါ Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူပေါင်း ရှစ်သိန်းခန့် ဥပဒေအသိပညာရရှိပြီ ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဆယ်ကျော်သက်နှင့် မူးယစ်ဆေးအန္တရာယ်

ဒေါက်တာဇင်ဇေယျာဝင်း

"မူးယစ်ဆေးဝါးသုံးစွဲမှုသည် ခန္ဓာကိုယ်ကျန်းမာရေးတစ်ခုတည်းကိုသာ ထိခိုက်စေသည် မဟုတ်ပါ။ မူးယစ်ဆေးအချို့သည် မှတ်ဉာဏ်၊ အာရုံစူးစိုက်မှုနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကို ထိခိုက်စေပြီး ပညာသင်ယူမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထပ်ခါတလဲလဲ သုံးစွဲခြင်းသည် စွဲလမ်းမှုနှင့် မူးယစ်ဆေးသုံးစွဲမှုဆိုင်ရာ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ အချို့သော မူးယစ်ဆေးများသည် နှလုံးနှင့်သွေးကြောစနစ်ကို ထိခိုက်စေနိုင်ပြီး Opioids များကို အလွန်အကျွံသုံးစွဲပါက အသက်ရှူလမ်းကြောင်းကို ထိခိုက်၍ အသက်အန္တရာယ်ဖြစ်စေနိုင်"

### လူငယ်တို့၏အိပ်မက်

လူငယ်တစ်ဦး၏ဘဝသည် အိပ်မက်များနှင့် မျှော်လင့်ချက်များဖြင့် စတင်သည်။ တစ်ဦးက ဆရာဝန်ဖြစ်ချင်သလို တစ်ဦးက သိပ္ပံပညာရှင်၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ အားကစားသမား သို့မဟုတ် အနုပညာရှင် ဖြစ်ချင်ကြသည်။

ထိုအိပ်မက်များသည် လူငယ်တစ်ဦး၏ ကိုယ်ပိုင်အနာဂတ်သာမက မိသားစုနှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်ကိုပါ ပုံဖော်ပေးနိုင်သည်။ သို့သော် လူငယ်တို့၏ အနာဂတ်ကို လမ်းလွဲစေနိုင်သည့် အန္တရာယ်များလည်း ရှိနေသည်။ ထိုအန္တရာယ်များအနက် မူးယစ်ဆေးဝါးသုံးစွဲမှုသည် အလေးအနက်ထားကာကွယ်ရမည့် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ကျန်းမာရေးကိုသာမက ပညာရေး၊ မိသားစုဆက်ဆံရေးနှင့် လူမှုဘဝကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် လူငယ်တို့၏အိပ်မက်များ မပျောက်ကွယ်စေရန် မူးယစ်ဆေးအန္တရာယ်ကို နားလည်ပြီး ကြိုတင်ကာကွယ်ရန် အရေးကြီးသည်။

### ကမ္ဘာလုံးဆိုင်ရာ မူးယစ်ဆေးဝါးပြဿနာ

UNODC (United Nations Office on Drugs and Crime) ၏ ၂၀၂၅ ခုနှစ် World Drug Report အရ မူးယစ်ဆေးဝါးပြဿနာသည် လူတစ်ဦးချင်း၏ ကျန်းမာရေးသာမက မိသားစု၊ လူမှုအသိုင်းအဝိုင်း၊ စီးပွားရေး၊ ပတ်ဝန်းကျင်၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးတို့အပေါ်ပါ သက်ရောက်သည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ ၂၀၂၃ ခုနှစ်တွင် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း လူဦးရေ ခန့်မှန်းခြေ ၃၁၆ သန်းသည် Cannabis၊ Opioids၊ Amphe-tamines၊ Cocaine နှင့် Ecstasy စသည့် မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို အသုံးပြုခဲ့ကြသည်။ ယင်းပမာဏသည် ဆယ်နှစ်အတွင်း ခန့်မှန်းခြေ ၂၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် တစ်ဦးချင်းစီ၏ ကျန်းမာရေးအပြင် မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများအပေါ်ပါ ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်။ ထို့ကြောင့် မူးယစ်ဆေးပြဿနာကို တစ်ဦးချင်း အပြစ်အဖြစ်သာမမြင်ဘဲ ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးပြဿနာအဖြစ်လည်း အလေးထားဖြေရှင်းရန် လိုအပ်သည်။ အထူးသဖြင့် လူငယ်များကို အန္တရာယ် မဖြစ်မီကာကွယ်ပေးခြင်းသည် ရေရှည်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်။

### ဆယ်ကျော်သက်အရွယ် - အရေးကြီးသော ဖွံ့ဖြိုးမှုကာလ

ဆယ်ကျော်သက်အရွယ်သည် ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းသည့် အရေးကြီးသော ဖွံ့ဖြိုးမှုကာလဖြစ်သည်။ ဤကာလတွင် ခန္ဓာကိုယ်သာမက ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများလည်း ဆက်လက်ဖြစ်ပေါ်နေသည်။ လူငယ်များသည် မိမိတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချလိုစိတ်နှင့် အသစ်အဆန်းများကို စမ်းသပ်လိုစိတ် ပိုမိုရှိလာနိုင်သည်။ တစ်ချိန်တည်းတွင် သူငယ်ချင်းများ၏ လွှမ်းမိုးမှုကိုလည်း ပိုမိုခံရနိုင်သည်။

"တစ်ခါတည်း စမ်းကြည့်တာပါ" သို့မဟုတ် "သူငယ်ချင်းတွေအားလုံး လုပ်နေကြတာပဲ"ဟူသော အတွေးများသည် အန္တရာယ်ရှိသော ဆုံးဖြတ်ချက်များ ဖြစ်ပေါ်စေနိုင်သည်။ မူးယစ်ဆေးဝါးအချို့သည် ဦးနှောက်လုပ်ဆောင်မှုကို ပြောင်းလဲစေပြီး မှတ်ဉာဏ်၊ အာရုံစူးစိုက်မှု၊ သင်ယူနိုင်စွမ်းနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဆယ်ကျော်သက်အရွယ်တွင် မူးယစ်ဆေးကို ငြင်းပယ်နိုင်စွမ်း၊ မှန်ကန်စွာ ဆုံးဖြတ်နိုင်စွမ်းနှင့် ကျန်းမာသောအလေ့အထများကို စနစ်တကျ တည်ဆောက်ပေးရန် လိုအပ်သည်။

### မူးယစ်ဆေးဝါးသုံးစွဲမှု၏ အန္တရာယ်များ

မူးယစ်ဆေးဝါးသုံးစွဲမှုသည် ခန္ဓာကိုယ်ကျန်းမာရေးတစ်ခုတည်းကိုသာ ထိခိုက်စေသည် မဟုတ်ပါ။ မူးယစ်ဆေးအချို့သည် မှတ်ဉာဏ်၊ အာရုံစူးစိုက်မှုနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကို ထိခိုက်စေပြီး ပညာသင်ယူမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထပ်ခါတလဲလဲ သုံးစွဲခြင်းသည် စွဲလမ်းမှုနှင့် မူးယစ်ဆေးသုံးစွဲမှုဆိုင်ရာ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ အချို့သော မူးယစ်ဆေးများသည် နှလုံးနှင့် သွေးကြောစနစ်ကို ထိခိုက်စေနိုင်ပြီး Opioids များကို အလွန်အကျွံသုံးစွဲပါက အသက်ရှူလမ်းကြောင်းကို ထိခိုက်၍ အသက်အန္တရာယ်ဖြစ်စေနိုင်သည်။

"ဆယ်ကျော်သက်အရွယ်သည် လူတစ်ဦး၏ အနာဂတ်ဘဝအတွက် အခြေခံကောင်းများ တည်ဆောက်ရမည့် အရေးကြီးသောကာလဖြစ်သည်။ မူးယစ်ဆေးဝါးသည် လူငယ်တို့၏ ကျန်းမာရေး၊ ပညာရေး၊ မိသားစုဘဝနှင့် အနာဂတ်အခွင့်အလမ်းများကို ထိခိုက်စေနိုင်သည့် အန္တရာယ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးကာကွယ်ရေးကို တားမြစ်ခြင်းတစ်ခုတည်းအဖြစ်မမြင်ဘဲ ကျန်းမာသောဘဝပုံစံ၊ မှန်ကန်သော ဆုံးဖြတ်ချက် ချနိုင်စွမ်းနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းတို့ကို တည်ဆောက်ပေးခြင်းအဖြစ် ဆောင်ရွက်သင့်သည်။ မိဘများက နားလည်မှုရှိစွာ နားထောင်ပေးပြီး ကျောင်းများက အသိပညာနှင့် အကျိုးရှိသောလှုပ်ရှားမှုများ ပံ့ပိုးပေးရန်လိုအပ်"

မူးယစ်ဆေးသုံးစွဲမှုသည် စိတ်ကျန်းမာရေးပြဿနာများနှင့်လည်း ဆက်စပ်နိုင်ပြီး မတော်တဆထိခိုက်မှုများနှင့် အန္တရာယ်ရှိသော အပြုအမူများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင် ကျောင်းတက်ရောက်မှုနှင့် ပညာရေးစွမ်းဆောင်ရည်ကျဆင်းခြင်း၊ မိသားစုဆက်ဆံရေးပျက်စီးခြင်းနှင့် လူမှုရေးပြဿနာများ ဖြစ်ပေါ်ခြင်းတို့ကိုလည်း ဖြစ်စေနိုင်သည်။ ထို့ကြောင့် မူးယစ်ဆေးကို ရှောင်ရှားခြင်းသည် ယနေ့ကျန်းမာရေးကို ကာကွယ်ခြင်းသာမက မိမိ၏ ပညာရေး၊ မိသားစုဘဝနှင့် အနာဂတ်အခွင့်အလမ်းများကိုပါ ကာကွယ်ခြင်းဖြစ်သည်။

### သူငယ်ချင်းကောင်းနှင့် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချခြင်း

ဆယ်ကျော်သက်များ၏ဘဝတွင် သူငယ်ချင်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြသည်။ သူငယ်ချင်းကောင်းများသည် စာကြိုးစားရန်၊ အားကစားလုပ်ရန်နှင့် မိမိရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အားပေးနိုင်သည်။ အပြန်အလှန်အားဖြင့် အန္တရာယ်ရှိသောအပြုအမူများကို အားပေးသည့် အဖော်အပေါင်းများသည် လူငယ်တစ်ဦး၏ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်သည်။ ထိုအခြေအနေများတွင် "မလုပ်ဘူး" ဟု ပြတ်ပြတ်သားသား ပြောနိုင်ခြင်းသည် မိမိ၏ ကျန်းမာရေးနှင့် အနာဂတ်ကို တန်ဖိုးထားခြင်း ဖြစ်သည်။

အားလပ်ချိန်ကို ရည်ရွယ်ချက်မရှိဘဲ ကုန်ဆုံးစေမည့်အစား အားကစား၊ စာဖတ်ခြင်း၊ ဂီတ၊ ပန်းချီ၊ သိပ္ပံနှင့် နည်းပညာလှုပ်ရှားမှုများတွင် ပါဝင်သင့်သည်။ ထိုလုပ်ငန်းများသည် လူငယ်များ၏ စွမ်းရည်များကို ဖော်ထုတ်ပေးသည့်အပြင် စည်းကမ်းရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်မှုတို့ကိုလည်း တိုးတက်စေနိုင်သည်။ ထို့ကြောင့် အားလပ်ချိန်ကို "အချိန်ဖြုန်းချိန်" အဖြစ်မမြင်ဘဲ မိမိအနာဂတ်အတွက် အသုံးချနိုင်သည့် "ဖွံ့ဖြိုးချိန်" အဖြစ် မြင်သင့်သည်။

### အွန်လိုင်းအသုံးပြုမှုနှင့် မိသားစု၏အခန်းကဏ္ဍ

ယနေ့ခေတ်တွင် အင်တာနက်နှင့် ဒီဂျစ်တယ်နည်းပညာများသည် ပညာရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအတွက် အရေးပါသော ကိရိယာများ ဖြစ်လာသည်။ သို့သော် အွန်လိုင်းဂိမ်းနှင့် လူမှုကွန်ရက်များကို အလွန်အကျွံအသုံးပြုခြင်းသည် စာလေ့လာချိန်၊ အိပ်ချိန်၊ ကိုယ်လက်လှုပ်ရှားချိန်နှင့် မိသားစုနှင့် ဖြတ်သန်းရမည့်အချိန်တို့ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် အွန်လိုင်းအသုံးပြုမှုကို လုံးဝတားမြစ်ခြင်းထက် အသုံးပြုချိန်နှင့် ရည်ရွယ်ချက်ကို စနစ်တကျ စီမံပေးသင့်သည်။

မိဘများသည် သားသမီးများ၏ အခက်အခဲများကို နားထောင်ပေးပြီး အပြစ်ပေးရန်ထက် နားလည်မှုနှင့် ယုံကြည်မှုအပေါ် အခြေခံသော ဆက်ဆံရေးကို တည်ဆောက်ပေးရန် လိုအပ်သည်။ သားသမီးများသည် ပြဿနာတစ်ခုကြုံလာသည့်အခါ မိဘများထံ လွတ်လပ်စွာ ပြောပြနိုင်သည်ဟု ခံစားရရန် အရေးကြီးသည်။ ထို့အပြင် မိဘများသည် အားကစား၊ စာဖတ်ခြင်း၊ အနုပညာနှင့် လူမှုရေးလှုပ်ရှားမှုများကဲ့သို့ အကျိုးရှိသော အစားထိုးလုပ်ငန်းများကို အားပေးသင့်သည်။

### မိသားစု၊ ကျောင်းနှင့် လူမှုအသိုင်းအဝိုင်း

လူငယ်များကို မူးယစ်ဆေးအန္တရာယ်မှ ကာကွယ်ရန် မိသားစုတစ်ခုတည်း၏ အားထုတ်မှုဖြင့် မလုံလောက်ဘဲ ကျောင်းနှင့် လူမှုအသိုင်းအဝိုင်းများပါ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။ ကျောင်းများတွင် မူးယစ်ဆေးအန္တရာယ်ပညာပေးခြင်းနှင့်အတူ အားကစား၊ အနုပညာ၊ စာဖတ်ခြင်း၊ သိပ္ပံနှင့် လူမှုဝန်ထမ်းလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးသင့်သည်။ လူမှုအသိုင်းအဝိုင်းများတွင်လည်း လူငယ်များအတွက် အားကစားကွင်းများ၊ စာကြည့်တိုက်များနှင့် လူငယ်လှုပ်ရှားမှုနေရာများ ရှိသင့်သည်။

ထို့ကြောင့် မူးယစ်ဆေးကာကွယ်ရေးသည် **"မူးယစ်ဆေးမသုံးရ"**ဟု တားမြစ်ပြောဆိုခြင်း တစ်ခုတည်းမဟုတ်ဘဲ လူငယ်များအတွက် ကျန်းမာ၊ လုံခြုံပြီးရည်မှန်းချက်ရှိသော ဘဝပတ်ဝန်းကျင်ကို တည်ဆောက်ပေးခြင်းလည်းဖြစ်သည်။ လူငယ်တို့၏ အနာဂတ်သည် မိသားစုနှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်ဖြစ်သောကြောင့် **"မူးယစ်ဆေးကို မသုံးရ"** ဟုသာ ပြောခြင်းထက် **"မူးယစ်ဆေးမသုံးဘဲ ဘာကောင်းတာလုပ်မလဲ"** ဆိုသည့် အဖြေကို လူငယ်များနှင့်အတူ ဖန်တီးပေးကြရမည်ဖြစ်သည်။

### လူငယ်တို့၏ အနာဂတ်ကို ကာကွယ်ကြပါစို့

**ဆယ်ကျော်သက်အရွယ်သည် လူတစ်ဦး၏ အနာဂတ်ဘဝအတွက် အခြေခံကောင်းများ တည်ဆောက်ရမည့် အရေးကြီးသောကာလဖြစ်သည်။** မူးယစ်ဆေးဝါးသည် လူငယ်တို့၏ ကျန်းမာရေး၊ ပညာရေး၊ မိသားစုဘဝနှင့် အနာဂတ်အခွင့်အလမ်းများကို ထိခိုက်စေနိုင်သည့် အန္တရာယ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးကာကွယ်ရေးကို တားမြစ်ခြင်းတစ်ခုတည်းအဖြစ်မမြင်ဘဲ ကျန်းမာသောဘဝပုံစံ၊ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်စွမ်းနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းတို့ကို တည်ဆောက်ပေးခြင်းအဖြစ် ဆောင်ရွက်သင့်သည်။ မိဘများက နားလည်မှုရှိစွာ နားထောင်ပေးပြီး ကျောင်းများက အသိပညာနှင့် အကျိုးရှိသော လှုပ်ရှားမှုများ ပံ့ပိုးပေးရန် လိုအပ်သည်။

လူငယ်များအနေဖြင့်လည်း မိမိတို့၏ အိပ်မက်များနှင့် ရည်မှန်းချက်များကို တန်ဖိုးထားကာ မူးယစ်ဆေးအပါအဝင် အန္တရာယ်ရှိသော အပြုအမူများကို ပြတ်သားစွာ ငြင်းပယ်သင့်သည်။ လူငယ်တစ်ဦးချင်းစီ၏အိပ်မက်ကို ကာကွယ်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကိုသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အနာဂတ်ကို ကာကွယ်ခြင်းဖြစ်သောကြောင့် **"အချိန်ကိုအကျိုးရှိစွာအသုံးချပြီး မိမိအနာဂတ်ကို မူးယစ်ဆေးမှ ကာကွယ်ကြပါ"** ဟု တိုက်တွန်းလိုက်ရပါသည်။ ။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature -IUCN) အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature–IUCN) ၏ မဲခေါင်အောက်ပိုင်း ဒေသခွဲဆိုင်ရာ အကြီးအကဲ (Head, Lower Mekong Sub–Region) Mr. Jacob Sebastian Brunner အား ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ်(၂၈) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် IUCN ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး အပြုသဘောဆောင်သည့် ရလဒ်ကောင်းများ ထွက်ပေါ်စေမည့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအဆင့် သဘာဝထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး အဓိကမူဘောင်များဖြစ်သည့် နိုင်ငံအဆင့်ဒီရေတောဆိုင်ရာ လုပ်ငန်းစီမံချက်၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်နှင့် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်

ထို့နောက် မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ရေရှည်သယံဇာတထိန်းသိမ်းရေး လုပ်ငန်းများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ဒီရေတော ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ ၂ ၌ ကျင်းပပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိဝန်ထမ်းများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။



ထို့ပြင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ထွန်းထွန်းဦး ခေါင်းဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက် အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဂတိလိုက်စားမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်ရေးစနစ် ထိရောက်မှုနှင့် ပြည်သူများ၏ အစိုးရအပေါ် ယုံကြည်မှုတို့ကို ထိခိုက်စေနိုင်သော အရေးကြီးသည့် ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် လူတိုင်း လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါကြောင်း၊ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းဖြင့် အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုကို ရှောင်ကြဉ်လာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

အလားတူ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေး အစီအစဉ်များကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တစ်နိုင်ငံလုံးပျံ့နှံ့စေရန် တိုးမြှင့်ဆောင်ရွက်လျက် ရှိပါကြောင်း၊ လူငယ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခြေခံကောင်းများ လက်ဆင့်ကမ်းသင်ကြားပြသပေးရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ဗဟုသုတများကို ထပ်ဆင့် မျှဝေပေးကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ **မိုး/ဇလ**

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ် အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်း စီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။



အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ် အတွင်း ခြောက်ပေ ကိုးလက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ခုနစ်ပေ ၁၁ လက်မခန့်၊ ငါးသိုင်းချောင်း မြို့နယ်အတွင်း ကိုးပေ သုံးလက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ခြောက်ပေ ခုနစ်လက်မခန့်နှင့် ကျောင်းကုန်း မြို့နယ်အတွင်း ခြောက်ပေ သုံးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်း အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကုလသမဂ္ဂအထွေထွေညီလာခံ (၈၁) ကြိမ်မြောက် အစည်းအဝေး၏ အထွေထွေဆွေးနွေးပွဲ ပြီးဆုံး



**နယူးယောက် စက်တင်ဘာ ၂၉**

ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၈၁) ကြိမ်မြောက် အစည်းအဝေး အထွေထွေ ဆွေးနွေးပွဲကို ယမန်နေ့က အဆုံးသတ်ခဲ့ပြီး နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၁၉၄ ခုမှ ကိုယ်စားလှယ်များက ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး၊ လာမည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ရွေးချယ်ရေးနှင့် ဉာဏ်ရည်တု (AI) အပါအဝင် အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ကြသည်။

အထွေထွေညီလာခံဥက္ကဋ္ဌ ခါလီလာ ရာမင်နိက အစည်းအဝေးပိတ်ပွဲ မိန့်ခွန်းတွင် ကိုယ်စားလှယ်များ၏ မိန့်ခွန်းများအတွင်း အခြားစကားလုံးများထက် ဦးစွာ ပေါ်ထွက်လာသည့် စကားလုံးမှာ ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ အစည်းအဝေးတွင် ငြိမ်းချမ်းရေးကို အဝေးကရည်မှန်းချက်တစ်ရပ်အဖြစ် ပြောဆိုနေခြင်းထက် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ နိုင်ငံတကာဥပဒေများနှင့် အရပ်သားပြည်သူများကို ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အရေးပေါ်ကာကွယ်မှုတစ်ရပ်အဖြစ် ပိုမိုဦးစားပေးပြောဆိုခဲ့ကြသည်ဟု ပြောကြားခဲ့သည်။

ထို့ပြင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်းရေးသည် အကြမ်းဖက်မှုများကို ပိုမိုထိန်းချုပ်ရုံမျှဖြင့် မပြီးဆုံးဘဲ ပဋိပက္ခများကို ကြိုတင်ကာကွယ်ခြင်း၊ ကြားဝင်ညှိနှိုင်းပေးခြင်းနှင့် သံတမန်ရေးနည်းလမ်းများ အသုံးပြုခြင်း၊ နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်နက်တည်တံ့မှုကို လေးစားခြင်း၊ နိုင်ငံတကာဥပဒေများကို လိုက်နာခြင်းနှင့် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့စေမည့် အခြေအနေများဖော်ဆောင်ရန် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## တိုကျိုမြို့လယ်၌ ၃၄ ရက် ဆက်တိုက်မိုးရွာသွန်းပြီး အရှည်ကြာဆုံးမိုးရွာသွန်းမှုအဖြစ် မှတ်တမ်းဝင်

**တိုကျို စက်တင်ဘာ ၂၉**

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်တွင် မိုးရွာသွန်းမှုမှာ စက်တင်ဘာ ၂၉ ရက်အထိ ၃၄ ရက်ဆက်တိုက် ရွာသွန်းခဲ့ပြီး ယင်းမှာ စံချိန်တင်အရှည်ကြာဆုံး ရက်ဆက်မိုးရွာသွန်းမှုဖြစ်ကြောင်း ကျိုဒိုသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

မိုးရွာသွန်းမှုသည် ဩဂုတ် ၂၇ ရက်တွင် စတင်ခဲ့ပြီး တိုင်ဖွန်းမုန်တိုင်းများ၊ ဆောင်းဦးရာသီ မိုးတိမ်တိုက်က မရွေ့မလျားဘဲ တည်ရှိနေခြင်းနှင့် လေဖိအားနည်းရပ်ဝန်းတို့ကြောင့် အဆက်မပြတ် မိုးရွာသွန်းမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ အဆက်မပြတ်မိုးရွာသွန်းမှုမှာ ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်မှ ဇူလိုင် ၂၉ ရက်အကြား စံချိန်တင်ထားခဲ့သော ၃၃ ရက်ဆက် မိုးရွာသွန်းမှုစံချိန်ကို ကျော်လွန်ကာ မှတ်တမ်းသစ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်တိုက်မိုးရွာသွန်းမှုအတွင်း အသည်းထန်ဆုံးရွာသွန်းမှုမှာ စက်တင်ဘာ ၂၁ ရက်က ဖြစ်ပွားခဲ့ပြီး တိုင်ဖွန်းမုန်တိုင်း ဒူဂျွန်းကြောင့် တိုကျိုမြို့အပါအဝင် ကန်တိုဒေသတွင် မိုးရေချိန် ၁၅၆ မီလီမီတာအထိ ရွာသွန်းခဲ့သည်။ အဆိုပါ မုန်တိုင်းကြောင့် စံချိန်တင်မိုးရွာသွန်းမှုများ၊ မြေပြိုကျမှုများနှင့် မြစ်ရေလျှံမှုများဖြစ်ပွားကာ ဂျပန်နိုင်ငံ၏ မြို့တော်အနီး ဒေသများတွင် ၁၄ ဦးအထိ အသက်ဆုံးရှုံးခဲ့သည်။

ဆောင်းဦးရာသီ မိုးတိမ်တိုက်မရွေ့မလျားဘဲ ရှိနေခြင်းကြောင့် ဂျပန်နိုင်ငံ အရှေ့ပိုင်းတွင် အောက်တိုဘာ ၁ ရက်ဝန်းကျင်အထိ မိုးဆက်လက်ရွာသွန်းနိုင်ဖွယ်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



## နေတန်ယာဟုနှင့် ယူအေအီးသမ္မတတို့တွေ့ဆုံကာ နှစ်နိုင်ငံအကြားဆက်ဆံရေးဆွေးနွေး

**ဂျေရုဆလင် စက်တင်ဘာ ၂၉**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် သမ္မတရှိတ်ခ်မိုဟာမက်ဘင်ဆေယက်အယ်လ်နာဟီယန်၏ ဖိတ်ကြားချက်အရ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံသို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံကြားဆက်ဆံရေးကို အဓိကထားဆွေးနွေးခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက စက်တင်ဘာ ၂၈ ရက်တွင် အတည်ပြုပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံကြားဆက်ဆံရေးများကို ဆွေးနွေးခဲ့ကြပြီး ထိုဆက်ဆံရေးများကို မြှင့်တင်နိုင်မည့် နည်းလမ်းများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက် အစောပိုင်းက ယူအေအီးနိုင်ငံပိုင် အမ်မရိတ်သတင်းဌာနတွင် ဖော်ပြထားသည်။ နေတန်ယာဟုသည် ယူအေအီးနိုင်ငံသို့ ပုဂ္ဂလိက သီးသန့်လေယာဉ်ဖြင့် သွားရောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## AI အေးဂျင့်လှုပ်ရှားမှုများကို ထိန်းချုပ်ရန် လုံခြုံရေးပလက်ဖောင်း Nvidia မိတ်ဆက်

**ဝါရှင်တန် စက်တင်ဘာ ၂၉**

အမေရိကန်ချစ်ပ်ပြားကုမ္ပဏီကြီး Nvidia သည် AI စနစ်များ ထိန်းချုပ်မှုကင်းမဲ့လာခြင်းကို တားဆီးကာကွယ်ရန်ရည်ရွယ်ကာ လုံခြုံရေးပလက်ဖောင်းတစ်ခုကို မိတ်ဆက်လိုက်ကြောင်း သိရသည်။

AI ဘေးကင်းလုံခြုံရေး တိုးတက်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို လျှော့ချရေး တောင်းဆိုမှုများ ထွက်ပေါ်လာချိန်တွင် ထိုကဲ့သို့ လုပ်ဆောင်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော ဖြစ်ရပ်များတွင် AI အေးဂျင့်များသည် လုံခြုံရေးထိန်းချုပ်မှုများကို ကျော်လွှားကာ ပြင်ပစနစ်များသို့ ချိုးဖောက်ဝင်ရောက်မှုများ ရှိခဲ့ကြောင်း သိရသည်။

အိုးပင်းအေးဂျင့်လုံခြုံရေးပလက်ဖောင်းသည် AI ဝင်ရောက်ကြည့်ရှုနိုင်သည့်အရာများကို ကန့်သတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် AI လုပ်ဆောင်မှုများကို စောင့်ကြည့်ကာ သံသယဖြစ်ဖွယ်လှုပ်ရှားမှုများကို တွေ့ရှိပါက ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း Nvidia က ပြောသည်။ **အင်န်အိတ်ချ်ကေ**







## OpenAI က လုံခြုံရေးစိုးရိမ်မှုကြောင့် AI မော်ဒယ်အသစ်ထုတ်ဝေမည့်အစီအစဉ်ကို ပယ်ဖျက်

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၂၉**

ChatGPT ကို ဖန်တီးထုတ်လုပ်သည့် OpenAI က လုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်များကြောင့် ၎င်း၏ နောက်ဆုံးထွက် AI မော်ဒယ်အသစ်ကို ထုတ်ဝေရန် အစီအစဉ်ကို ပယ်ဖျက်ခဲ့ကြောင်း ဝေါစထရိစ်ဂျာနယ်က ဖော်ပြသည်။ GPT–6.1 Astra အမည်ရှိ အဆိုပါ AI မော်ဒယ်ကို အောက်တိုဘာလတွင် စတင်မိတ်ဆက်ရန် စီစဉ်ထားခဲ့သည်။

အဆိုပါ AI ထုတ်ကုန်သည် OpenAI ၏ ယခင်မော်ဒယ်များထက် လူသား၏ အကူအညီမပါဘဲ ခက်ခဲသောလုပ်ငန်းများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်စွမ်းပိုမိုကောင်းမွန်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ သို့သော် အသုံးပြုသူများအား မိမိလုပ်ဆောင်ခဲ့သည့် သို့မဟုတ် မလုပ်ဆောင်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြောကြားရာတွင် လှည့်ဖြားပြောဆိုသည့်အပြုအမူများ ပိုမိုတွေ့ရှိရကြောင်း ဂျာနယ်က ဆိုသည်။

ထို့အပြင် အဆိုပါ AI မော်ဒယ်သည် အသုံးပြုသူထံမှ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းခြင်းများပြုလုပ်ခဲ့ပြီး တစ်ခါတစ်ရံတွင် လုံခြုံမှုမရှိနိုင်သည့် ပြင်ပကိရိယာများနှင့် ဝန်ဆောင်မှုများကို အသုံးပြုခဲ့ကြောင်းလည်း ဖော်ပြထားသည်။ ယင်းသို့ပြုလုပ်ဆောင်ရွက်ခြင်းများသည် OpenAI ၏လုံခြုံရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြောင်း ဝေါစထရိစ်ဂျာနယ်တွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ တစ်သိန်းကျော်လွန်၍ သေဆုံးသူ ၇၇ ဦးရှိလာ

**ကိုလံဘို စက်တင်ဘာ ၂၉**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၆ ခုနှစ် လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူပေါင်း တစ်သိန်းကျော်နှင့် သေဆုံးသူ ၇၇ ဦး ရှိလာပြီဖြစ်ကြောင်း သီရိလင်္ကာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ စာရင်းဇယားများအရ ပြီးခဲ့သည့် စက်တင်ဘာ ၂၇ ရက် သန်းခေါင်ယံအချိန်အထိ သွေးလွန်တုပ်ကွေး ကူးစက်ခံရသူ စုစုပေါင်း ၁၀၀၁၂၇ ဦးရှိကြောင်း ဖော်ပြထားသည်။

ပြည်နယ်များအလိုက် ကူးစက်ဖြစ်ပွားမှုတွင် အနောက်ပိုင်းပြည်နယ်တွင် သွေးလွန်တုပ်ကွေး ရောဂါကူးစက်ခံရသူ ၅၂၅၆၂ ဦးရှိပြီး ယင်းပမာဏမှာတစ်နိုင်ငံလုံး ဖြစ်ပွားမှုစုစုပေါင်း၏ ၅၂ ဒသမ ၅ ရာခိုင်နှုန်းရှိနေသည်။

ကိန်းဂဏန်းများအရ ယခုနှစ်အတွင်း ဇူလိုင်လသည် သွေးလွန်တုပ်ကွေး ကူးစက်ဖြစ်ပွားမှု အမြင့်မားဆုံးလဖြစ်ပြီး တစ်လတည်း၌ပင် ကူးစက်ခံရသူ ၂၉၉၆၄ ဦး အထိရှိခဲ့ကြောင်း ဖော်ပြထားသည်။ **ဆင်ဟွာ**

## ဂါဇာတိုက်ခိုက်မှုအတွင်း ဟားမားစ်တပ်ဖွဲ့မှူးကို ရှင်းလင်းခဲ့ကြောင်း အစ္စရေးပြောကြား

**ဂျေရုဆလင် စက်တင်ဘာ ၂၉**

အစ္စရေးက ဟားမားစ်အဖွဲ့၏ ဂါဇာမြောက်ပိုင်းတပ်မဟာမှူး အစ်ဇ်အယ်လ်–ဒင်အယ်လ်ဘစ်ခ်ကို ဂါဇာကမ်းမြောင်ဒေသ၌ စက်တင်ဘာ ၂၉ ရက်အစောပိုင်းတွင် ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း ရှင်းလင်းခဲ့ကြောင်း ပြောကြားလိုက်သည်။ ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီး အစ်စရေးကာ့ဇ်တို့က ပူးတွဲထုတ်ပြန်ချက်တစ်ရပ်တွင် အယ်လ်ဘစ်ခ်သည် အစ္စရေးတပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ စီစဉ်ခြင်းနှင့် ဟားမားစ်အဖွဲ့အတွက် တိုက်ခိုက်ရေးသမားများ စုဆောင်းခြင်းတို့တွင် ပါဝင်ခဲ့ကြောင်း ပြောကြားသည်။ အစ္စရေးနိုင်ငံအနေဖြင့် ဟားမားစ်အဖွဲ့၏ တပ်မှူးများနှင့် အဖွဲ့ဝင်များကို ဆက်လက်ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# ကချင်ပြည်နယ်အတွင်း ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ကျန်းမာရေးမှူး-၄ သင်တန်းဖွင့်လှစ်



**မြစ်ကြီးနား စက်တင်ဘာ ၂၉**

ကချင်ပြည်နယ်အတွင်း ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အရည်အချင်းပြည့်မီသော ကျန်းမာရေးမှူးများ ဖြည့်တင်းခန့်ထားနိုင်ရန် ကျန်းမာရေးမှူး-၄ (ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂) သင်တန်း ဖွင့်လှစ်သည်။

ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် ကျန်းမာရေးမှူး-၄ ခွင့်ပြုအင်အား ၅၀၀ ကျော်ရှိသည့်အနက် လက်ရှိခန့်ထားအင်အားမှာ ၂၃၄ ဦးရှိပြီး ၂၀၀ ကျော် လစ်လပ်လျက်ရှိသည့်အတွက် ဖြည့်တင်းခန့်ထားနိုင်ရေး သင်တန်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ကြကာ သင်တန်းကာလမှာ စာတွေ့ ခြောက်လနှင့် လက်တွေ့ တစ်နှစ် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အခြေခံကျန်းမာရေး ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် သင်တန်းသားများအနေဖြင့် ကျန်းမာရေးမှူး၏ တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး(ရောဂါနှိမ်နင်းရေး)က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ငွေကျပ်သိန်း ၂၀ နှင့် သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေကျပ်သိန်း ၆၀ စုစုပေါင်း ငွေကျပ်သိန်း ၈၀ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြိုင်ကလေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများ ကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။



ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ဒိုက်ဦးမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ ပဲပုပ်ဧက ၃၀၀၀ စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် ပဲပုပ်မျိုးစေ့များဖြန့်ဝေ

**ဒိုက်ဦး စက်တင်ဘာ ၂၉**

ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တောင်သူပညာပေးစခန်း (၃)၌ ၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်းဆီထွက်သီးနှံ ပဲပုပ် ဧက ၃၀၀၀ စီမံကိန်း တာဝန်ပေးအပ်ခြင်းနှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်ခြင်းကို ယနေ့နံနက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြတ်မင်းထွေးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်က စီမံကိန်းဆောင်ရွက်ရခြင်းအကြောင်း ဆွေးနွေးပြောကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအေးက ကျေးရွာအုပ်ချုပ်ရေးမှူးများအား စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်သိန်းနိုင်က ဆောင်းဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးထုတ်လုပ်ရခြင်းအကြောင်း ရှင်းလင်းဆွေးနွေးကာ တာဝန်ရှိသူများက ပဲပုပ်မျိုးစေ့များကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

**စိုးထက်ကျော်(ပြန်/ဆက်)**



❑ *ကျောဖုံးမှ*

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် FALCON အသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ FALCON အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲအစ ၂ မိနစ်တွင် ဟန်ထူးလွင်က သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၃၁ မိနစ် အောင်ဆတ်ပိုင်နှင့် ပွဲချိန် ၄၉ မိနစ်တွင် အောင်သူလှိုင်တို့က တစ်ဂိုးစီ ထပ်မံသွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် ဘိုဟိန်းက သွင်းယူပေးနိုင်ခဲ့သော်လည်း လက်ကျန်မိနစ်များတွင် ချေပဂိုးများ ထပ်မံသွင်းယူနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့သည်။

ပွဲစဉ် (၁၇) ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၃၀ ရက်တွင် ဗဟန်းကွင်း၌ ရန်ကုန်စီးတီးနှင့် ရှေ့ဝတီယူနိုက်တက်၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် ချင်းလန်းအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**နေမျိုး**
**ဓာတ်ပုံ-ML**

❍ *ကျောဖုံးမှ*

အဆိုပါ ဒုတိယအကျော့ပွဲစဉ်များကို နိုဝင်ဘာလအတွင်း နိုင်ငံတကာပွဲစဉ်များနှင့် AFC Women's Champions League ပြိုင်ပွဲများကြောင့် ပြိုင်ပွဲကို ခေတ္တရပ်နားမည်ဖြစ်ပြီး ဒီဇင်ဘာလနှင့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလတို့တွင် လက်ကျန်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ကာ ဇန်နဝါရီ ၂၇ ရက်တွင် ပြိုင်ပွဲများပြီးဆုံးမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MWL**

❖ *ကျောဖုံးမှ*

တူကီယဲကို အနိုင်ရရှိခဲ့သောပွဲစဉ်မှ ကစားသမားစာရင်းကို ကိုးဦးအထိ အပြောင်းလဲပြုလုပ်လာသော နည်းပြဇီဒန်း၏ ပြင်သစ်အသင်းသည် ပွဲချိန်တစ်လျှောက်တွင် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများစွာပြုလုပ်နိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် တောင်ပံကစားသမား အိုလီဆေးသည် ၇၆ မိနစ်တွင် လူစားလဲဝင်ရောက်ပြီး ပွဲချိန် ၈၈ မိနစ်တွင် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်း ဂိုးသမား လန်းမန်းစ်သည် ပြင်သစ်အသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြကာကွယ်ဟန့်တားနိုင်ခဲ့သည်။ ပြင်သစ်အသင်းသည် ယခုနိုင်ပွဲကြောင့် နေးရှင်းလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) အပြီးတွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ပြိုင်ဘက် ဘယ်လ်ဂျီယံအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင် တစ်ပွဲရှုံး ရလဒ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

အခြားနာမည်ကြီးအသင်းပွဲစဉ်ရလဒ်များတွင် အီတလီက တူကီယဲကို လေးဂိုး-တစ်ဂိုး၊ ဆွီဒင်က ပိုလန်ကို သုံးဂိုး-တစ်ဂိုး၊ ဘော့စနီးယားက ရိုမေးနီးယားကို လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး မြောက်အိုင်ယာလန်နှင့် ဟန်ဂေရီ အသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။

**အောင်ဇော်**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်မဲမြို့ရှိ မြို့ကျက်သရေဆောင်ခန်းမရှေ့ ပင်လုံလမ်းပေါ်၌ စက်တင်ဘာ ၂၇ ရက်က အမှတ် (၁၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ထွန်းနိုင်မြင့်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်မှူး ဦးမျိုးအောင်လင်းနှင့် တာဝန်ရှိသူများက ဆိုင်ကယ်စီးနင်းစဉ် ဦးထုပ်မဆောင်းသူများကို ယာဉ်စည်းကမ်းဆိုင်ရာများ အသိပညာပေးဆွေးနွေးပြီး မော်တော်ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ အခမဲ့ ဖြန့်ဝေပေးစဉ်။ ခရိုင်(ပြန်/ဆက်)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ

# ရန်ကုန်တိုင်းဒေသကြီး၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာပြခန်းများနှင့် ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။




အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက်စာကြည့်တိုက်” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စာပေဟောပြောမည့် စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ)ကို ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အခမ်းအနားအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဦးဘိုကြည်က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ မင်္ဂလာဒုံမြို့နယ် အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများက “ပြည်ထောင်စုရဲ့ထာဝရအလှ” သီချင်းနှင့် မင်္ဂလာဒုံမြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “အနာဂတ်လူရည်မွန်” သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ပုသိမ် စက်တင်ဘာ ၂၉**

လက်ရှိဖြစ်ပေါ်နေသည့် ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများအထိ သက်ဆိုင်ရာဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ စုပေါင်း၍ လူအင်အားနှင့် စက်ယန္တရားများ အသုံးပြုကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ပုသိမ်မြို့ မင်းကြီးလမ်းရှိ ဈေးချောင်းချောင်း ငဝန်ကျွန်းသာရပ်ကွက် အလယ်လမ်းရေမြောင်း၊ အမှတ်(၃) ရပ်ကွက် ရွှေရုပ်တုအနီးလမ်းဘေး ဝဲ/ ယာ ရေမြောင်း၊ အမှတ်(၂) ရပ်ကွက် တလိုင်းချောင်းချောင်း၊ အမှတ်(၆) ရပ်ကွက် နှစ်ထောင်တန်နှင့် အောင်ချမ်းသာလမ်းမကြီး ပင်မရေမြောင်းနှင့် ကျောက်ငူချောင်းတို့၌ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်နှင့် နုန်းမြေများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် လူအင်အား၊ စက်ယန္တရားများနှင့် လိုအပ်သည့်ပစ္စည်းများကို ကြိုတင်စုစည်းထားရှိရန်၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းနှင့် ရေနုတ်မြောင်းများကို စဉ်ဆက်မပြတ် ရှင်းလင်းဆောင်ရွက်ရန်၊ မိုးလေဝသအခြေအနေနှင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့်အခြေအနေကို အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်၍ သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသည့် ပုသိမ်ကမ်းနားလမ်း ကျောက်ငူပုသိမ်ထီးအနီး အောက်ခြေရေထဲပိုင်း ကာကွယ်ရေးလုပ်ငန်း၊ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ပုသိမ်မြို့နယ်အတွင်း ဆောင်ရွက်ရန်ရှိသော ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်းကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ပုသိမ်မြို့ ကမ်းနားလမ်း ကျောက်ငူပုသိမ်ထီးအနီး တိုးချဲ့ဆိပ်ခံတံတား (Jetty) တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေး၍ Grade-12 အောင်ချက်မြင့်မားရန် အားလုံးပူးပေါင်း၍ ဆောင်ရွက်ရန်ရှိသည်များကို အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေရှိသည့် မြစ်ကမ်းဘေး၊ ချောင်းဘေးရှိ ကျောင်းများစာရင်းကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းကာ အချိန်မီကောက်ယူ၍ ကြိုတင်ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အဆောက်အအုံများ ငလျင်ဒဏ်ခံနိုင်ရေးနှင့် အပျက်အစီးလုံးဝမကျန်ရှိစေရေး အရည်အသွေး စစ်ဆေးကြီးကြပ်ရန် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မှာကြား

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မန္တလေးတက္ကသိုလ်တွင် တည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော စာသင်ဆောင်၊ အိပ်ဆောင်၊ အိမ်ရာနှင့် ရုံးအဆောက်အအုံများ ငလျင်ဒဏ်ခံနိုင်ရေး၊ ရေရှည်တွင် အန္တရာယ်မဖြစ်စေရေး၊ အရည်အသွေး ကောင်းမွန်စေရေးနှင့် ပြင်ဆင်ရန် အပျက်အစီးလုံးဝမကျန်ရှိစေရေးအတွက် ပုံမှန်စစ်ဆေးခြင်း၊ လုပ်ငန်းအဆင့်အလိုက် စစ်ဆေးခြင်းများကို တိကျစွာဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းက မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ အရည်အသွေးစစ်ဆေးရေး QCအဖွဲ့များနှင့်တွေ့ဆုံစဉ် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ထည့်သွင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပါမောက္ခချုပ်နှင့် အရည်အသွေးစစ်ဆေးရေး QC အဖွဲ့များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

တွေ့ဆုံပွဲသို့ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ အင်ဂျင်နီယာဌာနနှင့် စီမံဘဏ္ဍာဌာနတို့မှ တာဝန်ရှိသူများ၊ အရည်အသွေး စစ်ဆေးရေး QC အဖွဲ့များ တက်ရောက်ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာရေး၊ ဥပမိရုပ် ကောင်းမွန်ရေးကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဘိုကလေးမြို့နယ်၌ ရေကြီးရေလျှံမှု မဖြစ်ပွားစေရေး ရေနုတ်မြောင်းများ တူးဖော်

**ဘိုကလေး စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှု မဖြစ်ပွားစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့် တာဝန်ရှိသူများက ဘိုကလေးမြို့ နဝရတ်လမ်းမတစ်လျှောက်ရှိ ရေမြောင်းများကို စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများက လှည့်လည်ကြည့်ရှုအားပေးပြီး ရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးရေလျှံမှု မဖြစ်ပွားစေရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းပေါင်းစပ်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မိုးစက်(ဘိုကလေး)**

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏။



## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၉**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၁ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၁ ဦးတက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ငါးဦးက မေးမြန်းသည့်ကြယ်ပွင့်ပြ မေးခွန်းခြောက်ခုကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြပြီး မူလတန်းအဆင့်ကျောင်းများ၌ ကလေးသူငယ်များအား အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ စနစ်တကျ ကြီးကြပ်အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးကာ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း (လျာထားချက်)ကို တင်သွင်းသည်။

ထို့နောက် မွန်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့၌ ကြယ်ပွင့်ပြမေးခွန်းခုနစ်ခု မေးမြန်းဆွေးနွေးပြီး အဆိုတစ်ခုနှင့် ဥပဒေကြမ်းတစ်ခုတင်သွင်း

**ဘားအံ စက်တင်ဘာ ၂၉**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ ပြည်နယ်လွှတ်တော်ရုံး အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက လမ်းပန်းဆက်သွယ်ရေး၊ အားကစား၊ ကျန်းမာရေး အစရှိသည့် ဒေသဖွံ့ဖြိုးရေးနှင့်ပြည်သူ့အကျိုးပြု ကြယ်ပွင့်ပြမေးခွန်း ခုနစ်ခုကို မေးမြန်းဆွေးနွေးကြရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ကြာအင်းဆိပ်ကြီး မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးညီညီလှိုင်က ကရင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ပြည်သူများ ရေရှည်သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် ဒေသအလိုက် ရေအရင်းအမြစ်များကို စနစ်တကျဖော်ထုတ် အသုံးချ၍ ရေသိုလှောင်ခြင်း၊ ရေသန့်စင်ခြင်းနှင့် ရေဖြန့်ဝေပေးခြင်းလုပ်ငန်းများကို အဆင့်လိုက် စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးစိုးပြည့်ဘိုက ထောက်ခံဆွေးနွေးပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်သူမရှိ သဘောတူညီကြသည့် အတွက် ယင်းအဆိုကို အောက်တိုဘာ ၅ ရက် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့တွင် ပြည်နယ်လွှတ်တော်၌ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ကရင်ပြည်နယ် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေး ဝန်ကြီးက ကရင်ပြည်နယ် အသေးစားငွေချေးလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့တင်သွင်းပြီး အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်နယ် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထိုက်က ဖတ်ကြားတင်ပြကာ ယင်းဥပဒေကြမ်းကို အောက်တိုဘာ ၅ ရက် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့တွင် ပြည်နယ်လွှတ်တော်၌ ဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေး ပထမနေ့ကို ရပ်နားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



### (၂၉-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၉ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၁၄၅,၆၇၄.၇၈ | ၁၁,၇၆၃,၄၆၀.၃၄ | ၈,၈၉၃,၁၈၉.၅၇ | - |

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းခဲ့သော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် တနင်္သာရီမြို့နယ် အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ မြစ်ရေမြင့်တက်မှုဖြစ်ပွားခဲ့သဖြင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည့်အပြင် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ နေရာအချို့တွင်လည်း ရေကျော်ခြင်းများ ဖြစ်ပွားလျက်ရှိပြီး



မော်တော်ယာဉ်များ သွားလာနိုင်ခြင်း မရှိကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်မှု ဖြစ်ပေါ်သည့် မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအချို့ရှိ ရေဘေးသင့် ပြည်သူများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည့် သရက်ချောင်းမြို့နယ်၊ ထားဝယ်မြို့နယ်နှင့် ပလောက်မြို့နယ်တို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာတို့တွင်လည်း ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် ရေပြန်လည် ကျဆင်းသွားသည့် နေရာများတွင် ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကူညီရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

ထာဝရကုသိုလ်
ရယူဖို့၊
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့။

## ဇလွန်မြို့၌ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ဇလွန် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယမန်နေ့နံနက်ပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလေးမွန်ကြည်နှင့်ဝန်ထမ်းများက တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ခွေးရူးရောဂါဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ခွေး ၄၅ ကောင်၊ ကြောင် ငါးကောင် စုစုပေါင်း အကောင် ၅၀ ကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် မဟာသာကျေးရွာနှင့် အောက်တိုဘာ ၄ ရက်တွင် တံခွန်တိုင် ကျေးရွာရှိ ခွေး၊ ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ ကွင်းဆင်းထိုးနှံပေးသွားမည်ဖြစ်သည်။ **ဝေယံ(ပြန်/ဆက်)**



## မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၌ အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်း

**မန္တလေး စက်တင်ဘာ ၂၉**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်မှ ကြီးမှူးကာ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ရှစ်ခုတို့တွင် တစ်ပြိုင်တည်း ကျင်းပခဲ့သည့် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၂၃၉)



သင်တန်းဆင်းပွဲကို မန္တလေးတိုင်း ဒေသကြီး စာရင်းစစ်ချုပ်ရုံး၌ ယမန်နေ့က ကျင်းပသည်။

မန္တလေး တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်ခင်သီက သင်တန်းဆင်းပွဲနှင့် ပတ်သက်၍ ပြောကြားပြီး ဝန်ကြီးဌာန ၁၈ ခုတို့မှ သင်တန်းသား သင်တန်းသူ ၃၉ ဦး၊ ပြန်လည်ဖြေဆိုမည့် ကျန်းမာရေး ဝန်ကြီးဌာနမှ သင်တန်းသား တစ်ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့သည်။

**ချမ်းမြေ့မောင်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်အတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားမှုမရှိစေရေး ရေမြောင်းများ တူးဖော်ရှင်းလင်း

**ပန်းတောင်း စက်တင်ဘာ ၂၉**

ပန်းတောင်းမြို့နယ်အတွင်း ယမန်နေ့က မင်းရပ်ရပ်ကွက် မြို့ပတ်လမ်းရှိ အရှည်ပေ ၂၃၀၀၊ အကျယ် သုံးပေ၊ အနက် နှစ်ပေရှိ ရေမြောင်းနှင့် သိပ္ပံလမ်းရှိ အရှည်ပေ ၁၉၂၀၊ အကျယ် သုံးပေ၊ အနက် နှစ်ပေရှိ ရေမြောင်းများ တူးဖော်ခြင်း၊ ရေမြောင်းအတွင်းရှိ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေမြောင်းတူးဖော်ရှင်းလင်းခြင်းကို ခရိုင်မြို့နယ်စီမံခန့်ခွဲ



ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရဲမှူး အေးမင်းသိန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ကျိုင်းလပ်မြို့၌ ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ကျိုင်းလပ် စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလပ်မြို့၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက်က ဝမ်ကျင်းရပ်ကွက်ရှိဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးထွေး၊ လူဝင်မှုကြီးကြပ်



ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦး၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူး၊ မြို့မြေစာရင်းဦးစီးဌာန မြို့ဦးစီးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့စခန်းမှူးတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် မိမိတို့၏ လုပ်ငန်းတာဝန်များ၊ ပြည်သူများ သိရှိလိုသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့၌ ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေး

**မိုင်းပျဉ်း စက်တင်ဘာ ၂၉**

မိုင်းပျဉ်းမြို့၌ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကျော်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်သန်း ဦးစီး၍ မြို့ပေါ်ရပ်ကွက်များတွင် မွေးမြူထားသောခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်း၊ ဝန်ထမ်းများက ခွေးရူးရောဂါလက္ခဏာများ၊ ခွေးရူးရောဂါ ကူးစက်ပျံ့နှံ့ပုံနှင့် ကာကွယ်ရန်နည်းလမ်းများပါရှိသော လက်ကမ်းစာစောင်



များကို အခမဲ့ဖြန့်ဝေပေးခြင်းနှင့် မွန်းလွဲပိုင်းတွင်လည်း အခြေခံပညာ အထက်တန်းကျောင်း၌ ခွေးရူးရောဂါအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ်၌ ရေကြီးရေလျှံမှုမဖြစ်ပွားစေရေး ရေနုတ်မြောင်းများ ရှင်းလင်း



**ညောင်လေးပင် စက်တင်ဘာ ၂၉**

ညောင်လေးပင်မြို့နယ်၌ ရေကြီးရေလျှံမှု မဖြစ်ပွားစေရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းဖော်ထုတ်ခြင်းကို ယမန်နေ့က ညောင်လေးပင်မြို့နယ် မြို့မ(၂) ရပ်ကွက် စာတိုက်လမ်း၌ ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပူးပေါင်း၍ စက်ယန္တရားများဖြင့် မြို့၏ပင်မရေနုတ်မြောင်းဖြစ်သော စာတိုက်လမ်း၌ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းဆယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကမာရွတ်မြို့နယ် သမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်

**ကမာရွတ် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်အဖွဲ့က အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို



ဖတ်ကြား၍ အသင်းဝင်ကိုယ်စားလှယ်များက အတည်ပြုကြပြီး အမှုဆောင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ **စိမ်းလဲ့(ပြန်/ဆက်)**



ရေတာရှည်မြို့နယ် မြို့မဈေး၌ စက်တင်ဘာ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်း၊ မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့သရုပ်ပြ မီးငြှိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ဝါးခယ်မမြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများ တူးဖော်

**ဝါးခယ်မ စက်တင်ဘာ ၂၉**

ဝါးခယ်မမြို့နယ်၌ ယနေ့နံနက်က မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပလကဖ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၅၀ ခန့်ဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှု လျော့နည်းစေရေးအတွက် ဈေးရပ်ကွက်အတွင်းရှိ ဈေးချောင်းတစ်လျှောက်နှင့် ရေမြောင်းများကို စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရီရီလွင်(ပြန်/ဆက်)**



## ငပုတောမြို့၌ ရေမြောင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် မြစ်ကမ်းဘေး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ငပုတော စက်တင်ဘာ ၂၉**

ငပုတောမြို့၌ မြို့သာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ယနေ့နံနက်က ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ ပူးပေါင်း၍ တောင်ပိုင်းရပ်ကွက် ကမ်းနားလမ်းဘေးရှိ ဈေးချောင်း ချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းအတွင်း အမှိုက်များ ဆယ်ယူခြင်း၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်များ စွန့်ပစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့သည်။ **အောင်သူ(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်



**ပခုက္ကူ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ လမင်းစီမံချက်ဖြင့် အခမဲ့ဆောင်ရွက်ပေးသည့်နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ထွန်းလှိုင်တို့က ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူ ၂၁၂ ဦးအား နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



ရှောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ စားအုန်းဆီများ စနစ်တကျ ရောင်းချမှု ရှိ/မရှိနှင့် ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စက်တင်ဘာ ၂၈ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## အောင်လံမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**အောင်လံ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ကာရာအိုကေ(KTV)ဆိုင်များ မီးလောင်မှု/ မီးလန့်မှုများ မဖြစ်ပွားစေရေးနှင့် အရေးပေါ်မီးလန့်အချက်ပေးကိရိယာများ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများအသင့်အသုံးပြုနိုင်ရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)





## ရေကြည်မြို့နယ်အတွင်းရှိ ရေလွှမ်းလယ်မြေများ ပြန်လည်စိုက်ပျိုး

**ရေကြည် စက်တင်ဘာ ၂၉**

ရှောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ရေလွှမ်းခဲ့သည့် လယ်မြေများတွင် ရေပြန်လည်ကျဆင်းခဲ့သဖြင့် မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ဆီဆုံကုန်းကျေးရွာတောင်သူ ဦးဆန်းဝင်း ကွင်းအမှတ်(၈၉၄.က)ရှိ တောင်သူ သုံးဦးပါ လယ်မြေ ခြောက်ဧကအား စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်နှစ်စီးဖြင့် မိုးစပါးပြန်လည်စိုက်ပျိုးခြင်း၊ ဒေါင့်ကြီးကျေးရွာရှိ တောင်သူဒေါ်သန်းသန်းမော် ကွင်းအမှတ် (၉၀၉) လယ်မြေ ၇ ဒသမ ၁၂ ဧကအား (Drum Seeder) ဖြင့် မိုးစပါးပြန်လည်စိုက်ပျိုးခြင်း၊ ကြပ်ကွင်းကျေးရွာရှိ တောင်သူ ဦးထွန်းထွန်း ကွင်းအမှတ် (၉၀၇) လယ်မြေ ၉ ဒသမ ၇၇ ဧကအား ထွန်စက်ကြီး ခြောက်စီးဖြင့် ထွန်ယက်ပေးခြင်းကို စက်တင်ဘာ ၂၇ ရက်က ဆောင်ရွက်ရာ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မုံရွာမြို့၌ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

**မုံရွာ စက်တင်ဘာ ၂၉**



စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးဆောင်ပြီး ခွေးရူးရောဂါ လုံးဝကင်းစင်သွားရန် ရည်ရွယ်၍ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သလ္လာဝတီခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာမြင့်အေးနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာအေးတို့က ခွေးရူးရောဂါအကြောင်း သိကောင်းစရာများ ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဒေသခံပြည်သူများ၏ ခွေးအကောင် ၈၀ နှင့် ကြောင်အကောင် ၃၀ စုစုပေါင်း အကောင် ၁၁၀ တို့ကို ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၂၆ ရက်က ပြည်လမ်း ခရေပင်ကုန်တိုက်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူး ဒေါ်ဥမ္မာမြင့်တို့က အမှာစကားပြောကြားပြီး



ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ



## ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ရေဦး စက်တင်ဘာ ၂၉**

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သော်တာသူရိန်နှင့် ဝန်ထမ်းများက ကာကွယ်ဆေးထိုးစုရပ်ဖြစ်သော အောင်ဆန်းရပ်ကွက် ဆည်မြောင်းရုံးဝင်းအတွင်း၌ ခွေးရူးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် ရေဦးမြို့ပေါ် (၅)ရပ်ကွက်နှင့် မကျီးတောကျေးရွာ၊ ရေဦးကုန်းကျေးရွာအုပ်စုတို့ရှိ ခွေးကောင်ရေ ၁၀၀ ကို ခွေးရူးရောဂါ ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ပန်းတောင်း စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကြိုးကြာကျေးရွာအုပ်စု ကြိုးကြာကျေးရွာ ပုသိမ်-မုံရွာ ကားလမ်းမ မိုင်တိုင်အမှတ်(၁၁၈/၆)၌ သစ်တောဦးစီးဌာနမှသစ်တောသစ်ပင်များ ပြုန်းတီးမှုမှ ကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင် မြေဆီလွှာနှင့် ရာသီဥတုကောင်းမွန်မျှတစေရန် ရည်ရွယ်ကာ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၂၆ ရက်က ကျင်းပရာ ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရဲမှူး အေးမင်းသိန်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့် တာဝန်ရှိသူများက အရိပ်ရပန်း အလှပျိုးပင် ၄၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့သည်။ လပြည့်လင်း(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တိုက်ကြီး စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ဦး ဦးဆောင်၍ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၈၅ ဦးဖြင့် ယမန်နေ့နံနက်ပိုင်းက အိုးတန်းရပ်ကွက် မင်းကျောင်းကြီးကျောင်းတိုက်



အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

- နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး တွင်းဆေး၊ တွင်းမှုတ်နှင့် ရေစုပ်ထုတ်ခြင်း လုပ်ငန်းများ ကြည့်ရှုအားပေး၊ အထက အိုင်သပြုသို့ ငွေလှူဒါန်း

**လေးမျက်နှာ စက်တင်ဘာ ၂၉**

လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက လေးမျက်နှာမြို့ ရပ်ကွက်များအတွင်း ဝင်ရောက်နေသော ရေများကို မြင်းကောင်ရေ ၂၂ ကောင်အား ခြောက်လက်မ ပိုက်ရေစုပ်စက်ကြီး ကိုးလုံး၊ ဆိုလာအသုံးပြု ရေစုပ်စက် တစ်လုံးတို့ဖြင့် စုပ်ထုတ်နေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ပေးအပ်သည်။



ထို့နောက် လေးမျက်နှာမြို့ ရပ်ကွက် (၁) ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်နေသော တွင်းဆေး တွင်းမှုတ်လုပ်ငန်းကိုလည်းကောင်း၊ အချုပ်ကလေး ကျေးရွာရှိ အများသုံးစက်ရေတွင်းကို တွင်းဆေး တွင်းမှုတ်ဆောင်ရွက်ပေးနေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် အချုပ်ကလေး ကျေးရွာမှ ရေဘေးသင့်ရွာသူရွာသားများနှင့်တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးကာ ခမောက်စုကျေးရွာ ဈေးဟောင်းပိုင်းရပ်ကွက်၌ တွင်းဆေး တွင်းမှုတ် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုသည်။

ဆက်လက်၍ အိုင်သပြုတိုက်နယ်ဆေးရုံ၌ တာဝန်ခံဆရာဝန်၊ သူနာပြုများနှင့် တွေ့ဆုံကာဆေးရုံလိုအပ်ချက်များ မေးမြန်းပြီး ဆေးရုံတက်လူနာများအား လိုက်လံကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် အိုင်သပြု အခြေခံပညာ အထက်တန်းကျောင်း၌ စခန်းသွင်း၍ နောက်ကျသင်ခန်းစာများ သင်ကြားပို့ချပေးနေသော Grade – 12 ကျောင်းသားကျောင်းသူ ၁၆၀ နှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ၎င်းတို့စားသောက်ရေးအတွက်ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံကာ ရေဘေးကြောင့် ပျက်စီးသွားသော ကျောင်းခြံစည်းရိုးပြန်လည်တည်ဆောက်ရေး လုပ်ငန်းအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အောက်တန်းကျ ရက်စက်ယုတ်မာတဲ့ နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကို သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတွင်း ပညာတတ်လူငယ်ပေါ်ထွန်းလာမှုကို မလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့် ကျောင်းသား ကျောင်းသူများကို အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင်နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉–၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## သူနာပြုသိပ္ပံ(နေပြည်တော်)သူနာပြုသားဖွား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

သူနာပြုသိပ္ပံ(နေပြည်တော်) သူနာပြုသားဖွား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သူနာပြုသိပ္ပံ (နေပြည်တော်)ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းက အမှာစကားပြောကြားသည်။

**ဒီပလိုမာအောင်လက်မှတ်ပေးအပ်**

အခမ်းအနားတွင် သူနာပြုသိပ္ပံ (နေပြည်တော်)၏ စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့တို့ နေရာယူကြပြီးနောက် သူနာပြုသိပ္ပံ (နေပြည်တော်)မှ ဒုတိယကျောင်းအုပ်ကြီး (ဒုတိယညွှန်ကြားရေးမှူး) ဒေါ်စန်းစန်းလင်းက သင်တန်းသူ သင်တန်းသား ၁၁၀ အား သူနာပြု




သားဖွား ဒီပလိုမာအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

## သုံးခွမြို့ အလက(၁)၌ ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၅) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကိုကိုခိုင်နှင့် ဒုတိယမြို့နယ် ဦးစီးမှူးတို့က ခွေးရူးပြန်ရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ်နှင့် ခွေးရူးပြန်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်မှုများကို ရှင်းလင်းပြောကြားသည်။ **ကိုကျော် (သုံးခွ)**



## မြို့သစ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်



**မြို့သစ် စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးတင်လှကြည်နှင့် ဝန်ထမ်းများသည် လမင်းစီမံချက်ဖြင့် အသက် (၁၀)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို စက်တင်ဘာ ၂၈ ရက်က ကနီကျေးရွာရှိ သဲဖြူမဟာမြိုင်တောရဆရာတော်ကြီးကျောင်း၌ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟနေသွေးနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူ ၆၆ ဦးနှင့် အထက (မထွဲ) ကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၉ ဦး စုစုပေါင်း ၁၁၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်

**နတ်တလင်း စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ခြင်းကို စက်တင်ဘာ ၂၈ ရက်က ဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဆောင်ရွက်ထားရှိမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ရာ တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**



## ပေါင်မြို့နယ်၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ချောင်း၊ မြောင်းများ ရှင်းလင်းဆောင်ရွက်

**ပေါင် စက်တင်ဘာ ၂၉**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ချောင်း၊ မြောင်းများတွင် ပိတ်ဆို့နေသည့် ပေါင်းမြက်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက မြို့ပေါ် လေးရပ်ကွက်နှင့် ကန်ဖြူကျေးရွာ၊ စွမ်းမြန်မာစက်သုံးဆီအရောင်းဆိုင်အနီး၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ ရေမြောင်းများ



တူးဖော်ခြင်း၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ချုံနွယ်၊ ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွေးစုမှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၁

| | | |
|---|---|---|
| ဒေါ်ကေသီခိုင် | နှင့် | ဦးဌေးအောင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (ယ-၃)၊ ဦးပိုင်အမှတ် (၃၀)၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃ လမ်း၊ (က)ရပ်ကွက်နေ ဦးဌေးအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးဌေးအောင် သင့်အပေါ်၌ တရားလို ဒေါ်ကေသီခိုင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် (ပပ-၅၀)၊ ဦးပိုင်အမှတ် (၁၃)၊ ဧရိယာ(၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ ဦးဌေးအောင် အမည်ပေါက် ဂရန်မြေကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၅ ရက်၊ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထု ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ကျန်းမာရေးလုပ်ငန်းသုံး စက်ပစ္စည်း၊ ရုံးလုပ်ငန်းသုံး စက်ပစ္စည်းနှင့် ပရိဘောဂပစ္စည်း (၁၅) မျိုးအား တင်ဒါဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံ အတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအမှတ်** | - | Tender.9.Equipment(2nd) (2026-2027) |
| **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - | ၁-၁၀-၂၀၂၆ ရက် |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၁၃-၁၀-၂၀၂၆ ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း- ၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အများသိစေရန်

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ အမှတ်(၇/၁၃၇)၊ မြေကွက်နှင့်စပ်လျဉ်း၍ အဆိုပါမြေကွက်အား ပိုင်ဆိုင်အသုံးပြုခွင့်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်များကို ၂၀၂၆ ခုနှစ်၊ မေလ (၁၈)ရက်တွင် ခင်ပွန်းဖြစ်သူ ဦးသန်းထိုက်မှ ဇနီးဖြစ်သူ ဒေါ်ဂျိုးစဖင်းထူးထူးအား အပြီးပိုင်လွှဲပြောင်းပေးခဲ့ပြီး ဇနီးဖြစ်သူမှလည်း ရာအိမ်မှူး ဦးဂျွန်၊ သက်သေများဖြစ်ကြသော မခိုင်ဝေဇင်၊ ဒေါ်တင်တင်ဝင်းနှင့် သားသမီး(၃)ဦးရှေ့တွင် လက်ခံရရှိခဲ့ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဂျိုးစဖင်းထူးထူး**

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့ အထက(၁) ကျောင်းမှ မောင်ခန့်ခန့် သူ G.12(C)၏ မွေးသက္ကရာဇ် အမှန်မှာ ၁၄-၅-၂၀၀၆ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်ဖြိုးကို (၈/မလန(နိုင်)၀၈၉၉၅၉)၏ နိုင်ငံကူးလက်မှတ် အမှတ် (MH 812851)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၉၈၃၀၆၀၀၈၈**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ လမ်း (၆၀) ၃၄ x ၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နေ ဦးမြင့်နိုင် (၉/မတန(နိုင်) ၀၄၃၆၆၈) အမည်ပေါက်ဖြင့် နေမင်းကမ္ဘာ ကုမ္ပဏီမှ ဝယ်ယူထားသော komatsu pc-300-8, Serial Number J- 30686 နှင့် pc-300-8, Serial Number C- 50626 (ဘက်ဟိုး) (၂)စီးအား ဦးမြင့်နိုင်၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းဝယ်ခြင်း ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်နိုင်**
**(၉/မတန(နိုင်)၀၄၃၆၆၈)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်5W/41677 Honda Dream C100P ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမြင့် ၉/မထလ(နိုင်) ၀၅၃၂၄၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/7532 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ (၁၆) လမ်း၊ အမှတ် (၉၆၃/ခ)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၉၆၃/ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) အနက်မှ ခေါင်းရင်းခြမ်း အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် SS (၂) ထပ် အဆောက်အအုံအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေအမည် ပေါက်သူ ဦးအောင်တင် (KLT-၀၁၂၉၅၈၂) ထံမှ အရောင်းအဝယ်ကတိစာချုပ် အဆက်အစပ်များဖြင့် (၁-၈-၂၀၂၂) အရ ဒေါ်သီသီလွင် (၁၂/ဥကတ(နိုင်)၀၄၇၀၆၀) မှ မိမိတစ်ဦးတည်းလက်ဝယ်ထားပိုင်ဆိုင်၍ အရှုပ်အထွေးကင်းရှင်းကာ ရောင်းချခွင့် ရှိသောမြေကွက်ဖြစ်ကြောင်း၊ ဖွင့်ဟဝန်ခံကတိပြု ပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိ သည့်ရက်မှစတင်၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၈)**
**အမှတ် - ၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်/မွေး (၁) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၄/၆/၁)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၄/စိုက်မွေး-၁)၊ မြေကွက်အမှတ် (၅၀)၊ ဧရိယာ (၀.၂၂) ဧကရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခင်ရီ (၁၂/လကန(နိုင်)၀၆၁၁၂၂) အမည်ပေါက် မှတ်သားထားပြီး ၎င်းကွယ်လွန်၍ သားသမီး (၇)ဦးဖြစ်သော (၁) ဦးမြတ်လွင်ဦး (၁၂/ဒဂတ(နိုင်)၀၁၀၁၀၃)၊ (၂)ဦးစိုင်းလွင်ဦး (၁၂/လကန(နိုင်)၀၆၁၄၉၃)၊ (၃) ဦးစန်းလွင်ဦး (၁၂/ မဂတ(နိုင်)၀၂၁၇၀၈)၊ (၄) ဦးညဏ်လွင်ဦး (၁၀/ကထန(နိုင်)၀၇၈၂၀၃)၊ (၅) ဒေါ်စံပယ်ဦး (၁၂/လကန (နိုင်)၀၆၁၁၂၃)၊ (၆) ဒေါ်သီတာဦး (၁၃/ကလတ(နိုင်)၀၃၀၅၃၅)နှင့် (၇) ဦးသစ်လွင်ဦး (၁၂/ဒဂတ(နိုင်)၀၁၀၀၈၀)တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာမှတ်ပုံတင်စာချုပ်အမှတ် (၁၀၉၇၉ /၂၀၂၅) အရ ပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းတို့ (၇)ဦးထံမှ ဦးအောင်ဇံ (၁ /ဗမန(နိုင်)၀၈၁၄၂၄) မှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ ကျွန်ုပ်၏မိတ်ဆွေအား တစ်ဆင့်ပြန်လည်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေများအားလုံးကို ရောင်းချသူ ဦးအောင်ဇံထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တစ်ဦးတည်းသာလျှင် စီမံခန့်ခွဲခွင့်အပြည့်အဝရှိပြီး လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပါကြောင်းနှင့် အဆိုပါမြေကွက်နှင့်အတူ ၎င်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများလည်း ကျွန်ုပ်၏မိတ်ဆွေ လက်ဝယ်တွင်ရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ - ၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွက်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ စားသောက်ဆိုင်ခန်းအမှတ် (၇-က၊ ခ) နှင့် (၈-က၊ ခ)၊ ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း ၁၂/သကတ(နိုင်)၁၅၃၇၇၉ အမည် ဖြင့်ထုတ်ပေးထားသော "ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"မှာ ပျောက်ဆုံးသွားပါသဖြင့် "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် "ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်" (မူရင်း) ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ (မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များတင်ပြပြီး "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်) လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄) ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း အမည်ဖြင့် ထုတ်ပေးထားသော "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မူရင်း)အား ပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ "ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်" (မိတ္တူမှန်) ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာ အပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနုလမ်း၊ အမှတ်(၁၆-B)၊ မြေညီနှင့် ပထမထပ်တိုက်ခန်း(၂)ခန်းနှင့် ၎င်းတိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းလွင် (၁၂/စခန(နိုင်)၀၄၃၅၀၀) ထံမှ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးသန္တာဦး (၁၂/လသန(နိုင်)၀၀၀၇၇၂)က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်ပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးသန္တာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင့်ရွှေ (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၃၄)**
**အမှတ် (၁၁၄၈)၊ ပထမထပ်၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉- ၂၅၄၀၇၆၀၁၉**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးဇင်သန့်ဆွေ ၁၂/ရကန(နိုင်)၀၀၇၃၃၉ နှင့် ကျွန်တော် ဦးညီညီလတ် (ခ) ခေါ်ထျန်ရှင် ၁၄/ကပန(ဧည့်)၀၀၀၀၃၅ သည် ဒေါ်ပြုံးပန်းနှင်းဝေယံ ၁၂/စခန(နိုင်)၀၅၉၈၀၁ အား ၂၂-၈-၂၀၁၄ ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၈၅၀) ဖြင့် ကိုယ်စားလှယ် လွှဲထားခြင်းအား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်သန့်ဆွေ ၁၂/ရကန(နိုင်)၀၀၇၃၃၉**
**ဦးညီညီလတ်(ခ) ခေါ်ထျန်ရှင် ၁၄/ကပန(ဧည့်)၀၀၀၀၃၅**
**ဖုန်း-၀၉-၇၉၁၁၁၂၂၀၊ ၀၉-၂၆၀၀၀၂၁၇၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေကွက်အမှတ် (ပ-၂၀၇၄၆) ကို အမည်ပေါက် ဦးဟန်သိန်း (ဘ) ဦးဝင်းထိန် ၁၂/လကန(နိုင်)၀၁၉၅၃၆ ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ရတနာဦး (ဘ)ဦးသန်းငွေ ၁၂/လမတ(နိုင်) ၀၂၉၇၁၃ မှ မြေငှားစာချုပ် အမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း(မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ( ၉၃၉/၂၀၂၃)၊ မြေငှားစာချုပ် (မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ မြေပြင်အခြေအနေပြ ဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဆင်ဖြူရှင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်ရှိမြေကွက်အမှတ် (ပခ(င)၂၀၈၄) ကို တပ်ကြပ်သောင်းမြင့်ဦး (ကိုယ်ပိုင်အမှတ် ၈၆၃၉၃၁) (ဘ) ဦးကံမြင့် ၈/အသန(နိုင်)၁၀၁၆၉၄ (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်တင်တင်ညို (ဘ) ဦးမောင်မောင် ၉/လဝန(နိုင်) ၁၃၈၀၆၇ မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးသွင်းချလန် မိတ္တူ၊ တပ်ကြပ်သောင်းမြင့်ဦး သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ မြေကွက်ပေါ်ရှိ အဆောက်အအုံ ပုံများတင်ပြပြီး ၎င်း၏ အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးလုံးနေ ၏သမီး ကျွန်မ နန်းကြာ ၁၃/နစန(နိုင်)၀၇၀၁၇၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် ( MK-78263) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၅၁၃၈၆၅**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade - 2 (Aster) မှ မောင်သော်ဘုန်းဆက်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းထက်အောင် ၉/လဝန(နိုင်)၃၄၃၃၇၁ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၆

**ကွယ်လွန်သူ ဦးအောင်သန်းနှင့် ဒေါ်အောင်ကြည်တို့၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ပြင်ဦးလွင်မြို့နယ်၊ စိုးမိုးအိုင်ကျေးရွာတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအောင်သန်းနှင့် ဒေါ်အောင်ကြည် ၏ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးစိန်သောင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်သန်းနှင့် ဒေါ်အောင်ကြည်တို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) နံနက် (၁၀) နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကလျှောက်ထားသူ ဦးစိန်သောင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာလွင်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## အမည်ပြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အထက(၂) ကျောင်း၊ Grade-7 မှ (ဘ) ဦးတင်လင်း ၁၀/မဒန(နိုင်) ၁၃၄၂၂၃ ၏ သမီးကို ယနေ့မှစ၍ မထက်ပိုးပိုးဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်ပိုးပိုးဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ အထက(၁)ကျောင်းနေ မနိမ်နေးဝါ (G-12) ၏ဖခင် ဦးရန်နိုပေါင် (ခ) ဦးရမ်ခိုပေါင် ၅/ဟမလ(နိုင်)၀၄၈၂၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရန်နိုပေါင် (ခ) ဦးရမ်ခိုပေါင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ အထက(၁)ကျောင်းနေ မဟတ်နေကြောင် (G - 9) ၏ဖခင် ဦးလွန်ဂင်ထန် (ခ) ဦးလွန်မင်ထန် ၅/လရန(နိုင်)၀၀၈၂၂၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးလွန်ဂင်ထန် (ခ) ဦးလွန်မင်ထန်

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ အထက (မိုဝိုင်လွတ်) နေ မဝေနေးကြောင် (G-11) ၏ ဖခင် ဦးထောင်းခိုလက် (ခ) ဦးထောင်းလက် ၅/လရန(နိုင်)၀၀၃၅၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထောင်းခိုလက် (ခ)
ဦးထောင်းလက်

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ အထက (မိုဝိုင်လွတ်) နေ မောင်စိုင်းဝင်းခန့် (G-8) ၏ ဖခင် ဦးကျော်ဝင်းတင် (ခ) ဦးကျော်ဝင်းနိုင် ၅/ဟမလ(နိုင်)၁၀၂၁၇၉ နှင့် မိခင် ဒေါ်မြင့်အေး (ခ)ဒေါ်မြင့်မြင့်အေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ အထက (မိုဝိုင်လွတ်) နေ မောင်လွန်ဟောင် (G-8) ၏ ဖခင် ဦးလွန်ခိုထန်(ခ)ဦးလွန်ထန် ၅/လရန(နိုင်)၀၀၆၄၁၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးလွန်ခိုထန် (ခ) ဦးလွန်ထန်

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ အထက (မိုဝိုင်လွတ်) နေ မောင်ဟင်မင်းလင် (G-7) ၏ ဖခင် ဦးခိုင်ခိုမန်း (ခ) ဦးခိုင်မာန် ၅/လရန(နိုင်)၀၀၅၆၂၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခိုင်ခိုမန်း (ခ) ဦးခိုင်မာန်

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ အထက(မိုဝိုင်လွတ်) နေ မလင်ယာဟတ် Grade-10 ၏ ဖခင် ဦးဟောင်ခိုထန် (ခ) ဦးဟော်ခိုထန် ၅/ခတန(နိုင်)၀၂၂၃၅၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးဟောင်ခိုထန်(ခ) ဦးဟော်ခိုထန်

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ အထက (မိုဝိုင်လွတ်) နေ မငှခင်ငွေး Grade - 10 ၏ ဖခင် ဦးထောင်ခိုလင် (ခ) ဦးထောင်းလင် ၅/ဟမလ(နိုင်)၀၆၆၄၄၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထောင်ခိုလင်(ခ) ဦးထောင်းလင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ အထက (မိုဝိုင်လွတ်) နေ မနင်နေးဟွိုင် (ခ) မနိမ်နေးဟွိုင် Grade-10 ၏ မိခင် ဒေါ်လျှင်ခိုဟတ် (ခ) ဒေါ်လျှင်ခိုဟတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်လျှင်ခိုဟတ် (ခ)
ဒေါ်လျှင်ခိုဟတ်

## ငြင်းချက်ထုတ်ရန် ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ် တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇၇

ဦးရှောင်စုကော (တရားလို) နှင့် ဦးတင်မောင်ဝင်း (တရားပြိုင်)

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)၊ အကွက်အမှတ် (ဆ-၄)၊ ဦးပိုင် (၂၅) နေ ဦးတင်မောင်ဝင်း (ဘ) ဦးထွန်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးရှောင်စုကော က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၃)၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ (၀.၀၅၅၁) ဧကရှိ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်၊ (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူဇာနွယ်)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၅ )
### စစ်တွေခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၃

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (၎င်း၏ကိုယ်စား မန်နေဂျာ ဦးအောင်ကျော်သိန်း ) (တရားလို) နှင့် ဦးအောင်ကျော်ဝင်းပါ - ၃ (တရားပြိုင်များ)

အမှတ် (၈၁)၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက် ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေတရားပြိုင်များဖြစ်သော ၁။ ဦးအောင်ကျော်ဝင်း၊ ၂။ ဒေါ်ခိုင်ငြိမ်းဝေ၊ ၃။ ဒေါ်ချိုချိုအေး (ယခုနေရပ်လိပ်စာမသိသူတို့ကို) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် ၇၃၈၅၅၅၂၇/၇၂ ပြား အပေါ်အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းနိုင်ထွေး)
ခရိုင်တရားသူကြီး
စစ်တွေခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ -၅ )
### စစ်တွေခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇

မြန်မာနိုင်ငံသားများ ဘဏ်လီမိတက် (၎င်း၏ကိုယ်စား မန်နေဂျာ ဦးအောင်ကျော်သိန်း ) (တရားလို) နှင့် ဦးမျိုးမင်းထွန်းကြည် ပါ - ၃ (တရားပြိုင်များ)

အမှတ် (၂၂၁)၊ စက်ရုံလမ်း၊ ဆင်ကူးလမ်းရပ်ကွက် ၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်နေ တရားပြိုင်များဖြစ်သော ၁။ ဦးမျိုးမင်းထွန်းကြည် ၊ ၂။ ဒေါ်ညိုညိုအေး၊ ၃။ ဒေါ်နွယ်နွယ်ထွန်းကြည် (ယခုနေရပ်လိပ်စာမသိသူတို့ကို) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် - ၂၀၁၁၃၁၇၀၃.၈၂ ပြား အပေါ်အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းနိုင်ထွေး)
ခရိုင်တရားသူကြီး
စစ်တွေခရိုင်တရားရုံး

## ဦးတင်ကိုဝင်းနှင့် အများသိစေရန် ကြေညာခြင်း

ဒေါ်စမ်းစမ်းဝင်း (ဘ) ဦးညိုဝင်း (၉/အမရ(နိုင်)၁၅၂၇၈၇)၏ လွှဲအပ်ညွှန်ကြားချက်အရ ကိုတင်ကိုဝင်း (ဘ) ဦးသိန်းငွေး (၉/တကန(နိုင်)၂၁၇၀၂၇) နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စမ်းစမ်းဝင်း နှင့် ဦးတင်ကိုဝင်းတို့သည် လွန်ခဲ့သော (၂၀၁၈) ခုနှစ်က တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကာ ယခုအချိန်တွင် သား(၂)ယောက် မွေးဖွားထွန်းကားခဲ့ပြီး ယနေ့အချိန်အထိပေါင်းသင်းနေထိုင်နေဆဲဖြစ်ပါသည်။ (၂၃-၉- ၂၀၂၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြေညာချက်စာမျက်နှာ (၂၈)ပါ ဦးတင်ကိုဝင်း၏ ကြေညာချက်တွင် (၂၁-၉-၂၀၂၆) ရက်က အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်သည်ဟု ထည့်သွင်းကြေညာချက်မှာ မှန်ကန်ခြင်းမရှိပါ။ အဆိုပါရက်က ဦးတင်ကိုဝင်းမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စမ်းစမ်းဝင်းအား မည်သည့်သက်သေမှ မပါရှိဘဲ ခြိမ်းခြောက်၍ ကွာရှင်းစာချုပ်ပေါ်တွင် အတင်းအဓမ္မလက်မှတ်ရေးထိုးစေခိုင်းခဲ့ခြင်းသာဖြစ်ပါသည်။ ဦးတင်ကိုဝင်းနှင့် ဒေါ်စမ်းစမ်းဝင်း တို့သည် ယနေ့အချိန်အထိ တရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိပါသဖြင့် ယနေ့အချိန်ထိ ဒေါ်စမ်းစမ်းဝင်းသည်သာလျှင် ဦးတင်ကိုဝင်း၏ တရားဝင်ဇနီးမယားဖြစ်ပါကြောင်း ဦးတင်ကိုဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်စမ်းစမ်းဝင်း (ဘ)
ဦးညိုဝင်း
၉/အမရ(နိုင်)၁၅၂၇၈၇
သီတာရပ်ကွက်၊ မြစ်ငယ်၊
အမရပူရမြို့နယ်

ဒေါ်စမ်းစမ်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်ထက် (ခ) ဒေါ်တင်နီနီထက် (LL.B) (စဉ်-၁၆၃၈၄)
ဒေါ်လွင်လွင်မြင့် (LL.B) (စဉ်-၁၄၃၂၂)
တရားလွှတ်တော်ရှေ့နေများ
စိန်ကုန်းရပ်၊ စစ်ကိုင်းမြို့
ဖုန်း- ၀၉-၈၆၈၇၃၀၇၁၅

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၅)
### စစ်တွေခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၅

မြန်မာနိုင်ငံသားများ ဘဏ်လီမိတက် (၎င်း၏ကိုယ်စား မန်နေဂျာ ဦးအောင်ကျော်သိန်း ) (တရားလို) နှင့် ဦးအောင်ကျော်ထွန်း(ခ) ငမဲလှ ပါ - ၄ (တရားပြိုင်များ)

အမှတ် (၃၁၆)၊ မဟာရာလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံ/မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင်များဖြစ်သော ၁။ ဦးအောင်ကျော်ထွန်း (ခ) ငမဲလှ၊ ၂။ ဦးထင်လင်းကျော်၊ ၃။ ဦးထွန်းအေး၊ ၄။ ဦးခင်မောင်နွယ် (ယခုနေရပ်လိပ်စာမသိသူတို့ကို) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် ၇၃၅၁၄၈၄၃/၄၇ ပြားတိတိအတွက် ဘဏ်ချေးငွေရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းနိုင်ထွေး)
ခရိုင်တရားသူကြီး
စစ်တွေခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/91852 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းရီ ၇/အဖန(နိုင်)၁၄၃၂၂၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/51966 Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာဝင်း ၇/ပမန(နိုင်) ၂၂၄၄၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ - ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၂၉၁)၊ ဧရိယာ (၀.၀၅၆) ဧကရှိ ဒေါ်သူဇာဝင်း (၁၂/ဥကတ(နိုင်)၁၆၆၉၂၄) အမည်ပေါက်လျက်ရှိသော နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်သူဇာဝင်း(၁၂/ဥကတ(နိုင်)၁၆၆၉၂၄) ထံမှ အပြီးအပိုင် ဝယ်ယူရန် အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်ထက် (၁၂/ဗဟန(နိုင်)၀၉၀၆၈၉)က အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄) ရက်ပြည့် မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ပိုင်ကို (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)
ဦးမင်းခန့်ကျော် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၈၁၉)
အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉

## အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ခြင်း

| | | |
|---|---|---|
| ၁။ | ခေါ်ယူသည့်တင်ဒါ | - ရန်ကုန်တက္ကသိုလ်ပရဝဏ်အတွင်း (ဘွဲ့နှင်းသဘင်ခန်းမအတွင်းမပါ) ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း |
| ၂။ | တင်ဒါသက်တမ်း | - ၂၄-၁၀-၂၀၂၆ ရက်မှ ၂၁-၃-၂၀၂၇ ရက်အထိ |
| ၃။ | တင်ဒါပုံစံ ရောင်းချမည့်နေရာ | - ဘွဲ့နှင်းသဘင်ဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၄။ | တင်ဒါပုံစံ ရောင်းချမည့်ရက် | - ၂-၁၀-၂၀၂၆ ရက်၊ (သောကြာနေ့)၊ ရုံးချိန်အတွင်း |
| ၅။ | တင်ဒါပုံစံ ပိတ်မည့်ရက် | - ၁၂-၁၀-၂၀၂၆ ရက် ၊ (တနင်္လာနေ့)၊ နံနက်(၁၁:၀၀)နာရီအထိ၊ ရုံးချိန်အတွင်း |
| ၆။ | တင်ဒါတင်သွင်း ရမည့်ရက် | - ၁၂-၁၀-၂၀၂၆ ရက် (တနင်္လာနေ့) |
| ၇။ | တင်ဒါတင်သွင်းရမည့် အချိန်၊ နေရာ | - မွန်းလွဲ(၂:၀၀)နာရီ၊ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၊ ရန်ကုန်တက္ကသိုလ် |

၈။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံ ရောင်းချမည့်နေရာသို့ လူကိုယ်တိုင် စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ရန်ကုန်တက္ကသိုလ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၅ ၊ မြေကွက်အမှတ်-၁၃၇၈ ၊ ဧရိယာ(၀.၀၅၅)ဧကေ မြေကွက်တည်နေရာအမှတ်(၁၃၇၈)၊ ပုဏ္ဏမီလမ်း၊ (၈၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ဖန်ရင်မိတ်(ခ) ဖန်လောက်မေ့ (၁၃/ကခန(နိုင်)၀၀၆၂၀၆) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ဖန်ရင်မိတ်(ခ) ဖန်လောက်မေ့(၁၃/ကခန(နိုင်)၀၀၆၂၀၆)အား တရားပြိုင်ထားကာ ဦးဟုန်ကွယ်ချင် (၁၃/လရန(နိုင်)၁၁၈၇၂၅) မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ် တရားရုံးတော်တွင် ပဋိညာဉ်စာချုပ်ပါအတိုင်း မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် တရားရှုံး(ကိုယ်စား) ဘီလစ် ဦးဆောင်းလွင်ဦး (၁၂/တမန(နိုင်)၀၂၉၅၃၁) မှ ဒေါပုံမြို့နယ်တရားရုံးတော်၏ တရားမကြီးမှုအမှတ်-၆၇/၂၀၂၃ ၏ (၇-၁၁-၂၀၂၄) ရက်နေ့စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၆၂/၂၀၂၅ ၏ (၂၇-၁၂-၂၀၂၄)အမိန့်၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်အပ်ကြောင်းတင်ပြစာ၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် နှစ်(၆၀) ဂရန်မူရင်းတို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက် ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းသိရှိကြောင်း (တရားနိုင်) ဦးဟုန်ကွယ်ချင်မှ လက်မှတ်ရေးထိုး တင်ပြထားပါသဖြင့် ဘီလစ် ဦးဆောင်းလွင်ဦးမှ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/တောင်)၊ မာန်ပြေ (၃) လမ်း အရှေ့၊ မြေကွက်အမှတ် (၈၅၉/ခ)၊ အကျယ်အဝန်း (ပေ၂၀ x ပေ၆၀) အမည်ပေါက်လျက်ရှိသော နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်မြစန်းရီ (၁၁/ကဖန(နိုင်)၀၆၄၅၉၃) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင် (၁၂/ဥကမ(နိုင်)၂၆၃၀၁၁)က အရောင်းအဝယ် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေမျိုးသိန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၈၆)
အမှတ် (၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-09-670787228

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမိုးကြီးဈေး၊ ရုံ/အထပ်အမှတ် (၇) ဆိုင်ခန်းအမှတ် (၃၉) ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်မဋ္ဌလှိုင် (၁၂/ရပသ(နိုင်)၀၉၂၀၅၉) ထံမှ (၉-၅-၂၀၂၆) ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ခိုင်ဇာဇာစိုး (၁၂/ရပသ(နိုင်)၁၀၅၈၇၃)မှ အမည်ပြောင်း လျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ် ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄) ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဈေးတာဝန်ခံ၊ အမိုးကြီးဈေး၊
ဖုန်း- ၀၉-၄၂၀၂၇၁၅၈၁

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/6710 အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဇော်ဦး ၉/မခန(နိုင်) ၂၉၃၅၂၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/57200 Yunde - 110 ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးလပြည့်၇/ပမန(နိုင်)၁၆၄၄၂၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့

## သံဝေဂဉာဏ်ပွားတော်မူခြင်းနှင့် အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဘဒ္ဒန္တကုဏ္ဍလ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

### (ပါမောက္ခဆရာတော်) အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

### သက်တော် (၆၂) နှစ်၊ သိက္ခာတော် (၄၂) ဝါ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပရိယတ္တိမဟာဌာနတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်တော်မူလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)ဝိုင်း၊ သီတဂူပုလဲကျောင်း ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကုဏ္ဍလ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သက်တော် (၆၂) နှစ် သိက္ခာတော်(၄၂)ဝါသည် (၁၃၈၈ခုနှစ် တော်သလင်းလပြည့်ကျော် (၃)ရက်)၊ ၂၉-၉-၂၀၂၆ရက်(အင်္ဂါနေ့) နံနက် ၇:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရှိရပါသဖြင့် ထေရဝါဒဗုဒ္ဓသာသနာကမ္ဘာသို့ပျံ့နှံ့ရေး ဆောင်ရွက်ရာတွင်လည်းကောင်း၊ စာပေကျမ်းဂန်များအား သင်ကြားပို့ချရာတွင်လည်းကောင်း၊ တက္ကသိုလ်အတွက် အလွန်အရေးပါလှသော ဆရာတော်တစ်ပါး ဆုံးရှုံးရပါကြောင်း၊ အသက်၏အစိုးမရမှု၊ သေခြင်းတရား၏ မြန်ဆန်မှုတို့ကို ဆင်ခြင်စဉ်းစား နှလုံးထားကာ ကြီးမားသော သံဝေဂဉာဏ် ပွားတော်မူရပါကြောင်းနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အထူးဝမ်းနည်းကြေကွဲရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်ဘုရား။

ပါမောက္ခချုပ်ဆရာတော်ကြီးအမှူးပြုသော
သင်ကြားရဟန်းတော်များ၊ သီလရှင်ဆရာကြီးများ၊ ဆရာ/ဆရာမများ၊
ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် စီမံရေးရာဝန်ထမ်းမိသားစုများ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ စကြံ၊ တန်ဆောင်း ဒါယကာကြီး

## ဦးသိန်းထွန်း

### မကွေးတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှူး(ငြိမ်း)

### အသက် (၈၇) နှစ်

ပဲခူးမြို့နေ (ဦးစောမောင်-ဒေါ်ရီ)တို့၏သား၊ (ဦးထွန်းအောင်-ဒေါ်ဝင်းစိန်) တို့၏သားသမက်၊ (ဒေါ်ခင်ထွေးမြင့်)၊ ဒေါ်ကြည်ကြည်မြင့်တို့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနိုင်ဝင်း(အထွေထွေမန်နေဂျာ(ငြိမ်း)၊ လျှပ်စစ်ဝန်ကြီးဌာန)-ဒေါ်ဥမ္မာထွန်း၊ ဦးသန်းဦး-ဒေါ်မိမိထွန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ BPI)၊ ဦးကိုအောင်(ဥက္ကဋ္ဌ၊ ပြည်စုံကျော်စွာကုမ္ပဏီအုပ်စု)-ဒေါ်ဖြိုးအိ(မန်းနေးဂျင်းဒါရိုက်တာ၊ ခိုင်စင်သာကုမ္ပဏီ)၊ ဦးအောင်မိုး-ဒေါ်အိအိထွန်း(London)၊ (ဦးအောင်မျိုးထွန်း)-ဒေါ်စန္ဒာဝင်း တို့၏ဖခင်၊ ကိုဇွဲရန်နိုင်၊ မယုယမွန် တို့၏အဘိုးဖြစ်သူ ဦးသိန်းထွန်းသည် (၂၉-၉-၂၀၂၆)ရက် နံနက် (၀၇:၂၀)နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် (၁-၁၀-၂၀၂၆)ရက် မွန်းတည့် (၁၂:၀၀)နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခုတင်(၁,၀၀၀)ဆေးရုံ ရေခဲတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ (၅-၁၀-၂၀၂၆)ရက် (တနင်္လာနေ့) နံနက် ၀၉:၀၀နာရီမှ ၁၂:၀၀ နာရီအထိ ပုဗ္ဗသီရိမြို့နယ်၊ ပတ္တာကျောင်းစာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်အမှတ် (ပ-၃၃၆၅၁)၊ ဦးဝင်းကျော် (ဘ)ဦးဇော်ဇော် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းကျော် ၅/စကန(နိုင်)၀၂၄၇၀၉ (ဘ) ဦးဇော်မောင်မှ ဒေါ်အိဇင်မာ ၁၄/လပတ(နိုင်)၁၇၄၄၃၀ (ဘ) ဦးတင်လှဦး၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ်(၂၁၈) စင်ကျူရီကွန်ဒို၊ အခန်းအမှတ်(၁၆၁၁) ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူများဖြစ်ကြသော ဦးသိန်းမြင့်စိုး(၄/ဖလန(နိုင်)၀၂၈၆၂၂)၊ ဒေါ်စန်းစန်းအေး (၁/မကတ(နိုင်)၀၇၇၄၆၉)တို့မှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာဝင်း (၁၄/ဟသတ(နိုင်)၂၂၉၄၈၁)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M) (စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၅၆၂၅၉, SAWASDEE 115, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၁၀/ဘလန(နိုင်)၀၅၅၈၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(သထုံ)

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/78898, Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဟေမာန်ထွန်း ၁၄/ပသန(နိုင်)၂၈၉၃၄၄ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 54W/2387,Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးထွေး ၁၄/ရကန(နိုင်)၁၅၉၇၀၀ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

---

## ဗိုလ်မှူးစိန်လှ (ငြိမ်း)၊

### ကြည်း-၁၁၂၉၉

### စစ်တက္ကသိုလ်အပတ်စဉ်(၉)

### ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ (ဗိုလ်ကြီး ဒေါ်ကြင်ရွှေ) (ငြိမ်း) (စစ်သူနာပြုသင်တန်းအမှတ်စဉ်-၆) (ဒုတိယပါမောက္ခချုပ် (ငြိမ်း)၊ ရန်ကုန်သူနာပြုတက္ကသိုလ်)၏ခင်ပွန်း၊ ဒေါက်တာမျိုးအောင်ကျော်-ဒေါက်တာလှစန္ဒာ၊ ဦးအောင်ကျော်စိန်လှ-ဒေါက်တာယုဇနတို့၏ဖခင်၊ မောင်ဝေယံမျိုးကျော်၊ မောင်စွမ်းထက်မျိုးကျော် တို့၏အဘိုးသည် ၂၈-၉-၂၀၂၆ရက် (တနင်္လာနေ့) ညနေ ၆:၄၀ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၂၆ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/9181 ၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂Zᴶ)၊ မြေကွက်အမှတ်(V၉၆အေ)၊ ဧရိယာ(၀.၀၂၄)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၉၅၊ အနော်ရထာလမ်း၊ (၆)ရပ်ကွက်၊ အမည်ပေါက်- ဒေါ်ခင်မြင့်(ခ) ဒေါ်ကျင်မြင့်၊ နှစ်(၆၀) မြေငှားဂရန်မြေကွက်အား မြေအမည်ပေါက်ဖြစ်သူ မိခင် ဒေါ်ခင်မြင့်(ခ)ဒေါ်ကျင်မြင့်သည် (၂၈-၁-၂၀၁၆)ရက်တွင်လည်းကောင်း၊ ဖခင် လင်ဟန်တျောင်(ခ) ဦးခင်မောင်ဝင်းသည်(၁၄-၁-၁၉၈၉) ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြသဖြင့် (၁)ဒေါ်မို့မို့ဝင်း(၁၂/လသန(နိုင်)၀၀၇၀၃၀) (၂)ဒေါ်သီတာဝင်း (၁၂/လသန(နိုင်)၀၀၇၃၉၂) တို့မှသမီးအရင်းများတော်စပ်ကြောင်း၊ ကတ္တိမသားသမီး မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ ကွယ်လွန်သူမိခင်၊ ဖခင်တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ ၎င်းတို့ညီအစ်မ(၂)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံ ပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကမာရွတ်ခရိုင် တရားရုံး မှတ်ပုံတင်ကျမ်းကျိန်လွှာအမှတ်-၁၅၃၃/၂၀၂၆(၂၀-၇-၂၀၂၆) ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် ပြပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်အောင်ဝင်း(၁၂/ကမရ(နိုင်)၀၅၄၇၁၀)နှင့် ဒေါ်စန္ဒီဝင့်ဝင့်သာ (၉/အမဇ(နိုင်)၀၂၉၁၃၆)တို့သည် (၁၀-၆-၂၀၂၆)ရက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ချုပ်ဆို၍ တစ်ဦးနှင့်တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကိုဝင်ရောက်စွက်ဖက်ခြင်း၊ လိုက်လံနှောင့်ယှက်ခြင်းမပြုလုပ်ရန် အသိသက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးကာကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထို့အပြင်ပစ္စည်းခန်းနှင့်ပတ်သက်၍လည်း ခွဲဝေရယူခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်အောင်ဝင်းနှင့် ဒေါ်စန္ဒီဝင့်ဝင့်သာတို့သည် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြပြီးဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ပတ်သက်စပ်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေဦးနိုင်အောင်ဝင်းအား ဂုဏ်သိက္ခာကျဆင်းစေမည့် ကိစ္စရပ်များကို လူမှုကွန်ရက်စာမျက်နှာများတွင်ရေးသားပြောဆိုခြင်းတို့ကို လုံးဝမပြုလုပ်ရန်သတိပေးတားမြစ်လိုက်သည်။ အကယ်၍ပြုလုပ်ဆောင်ရွက်လာခဲ့ပါက ပြုလုပ်ဆောင်ရွက်သူများနှင့်ပါဝင်ပတ်သက်သူများအားလုံးကို ဥပဒေကြောင်းများအရတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးထက်ဇေဟိန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၇၇)
ဖုန်း-၀၉-၇၇၅၃၄၁၄၄၄

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၁၂၇၄/ခ၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၁၂၇၄/ခ)၊ သဒ္ဒါ ရုံ(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်ညိမ်း (CF-၁၁၁၉၇၅)၊ ဒေါ်ယု (CF-၁၁၁၂၁၀) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ခိုင်ခိုင်လွင် မှ တရားလိုပြုလုပ်၍ ဦးအောင်ညိမ်း၊ ဒေါ်ယုတို့အား တရားပြိုင်ထားကာ သာကေတမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၂၀၂၅ ဖြင့် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၅-၇-၂၀၂၅)ရက်စွဲပါစီရင်ချက်၊ တရားမဇာရီမှုအမှတ် ၉၀/၂၀၂၅ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၈-၁၁-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ်တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျ အပြီးသတ်အမိန့်၊ အ ရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ်ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရုံးဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ဦးသိန်းအောင်

### မန်နေဂျာ(ငြိမ်း)၊ ဟိုတယ်၊ ခရီး

### အသက် (၈၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်အေ၊ အခန်း ၁၀၀၁ နေ(ဦးဘွန်ကျင်- ဒေါ်အေးငြိမ်း)တို့၏သားလတ်၊ ဒေါ်တင်တင်ပြုံး (ဟိုတယ်-ခရီး-ငြိမ်း)(ကန်တော်ကြီးဟိုတယ်သင်တန်းကျောင်း-ငြိမ်း) ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဇော်အောင်မြင့်-ဒေါ်ခင်စိုးနွယ်၊ ဒေါက်တာတင်အောင်စိုး-ဒေါက်တာခင်မျိုးသွယ်၊ ဒေါ်ခင်သီသီတို့ ၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါက်တာရဲသူရိန်မွန်-ဒေါက်တာ အိသဉ္ဇာအောင်၊ မောင်ဇွဲညီယံတို့၏ ချစ်လှစွာသော အဘိုး ဦးသိန်းအောင်သည် ၂၈-၉-၂၀၂၆ရက်(တနင်္လာနေ့) နံနက် ၉ နာရီတွင် ဗဟိုစည်ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၂၆ရက် ညနေ ၅နာရီတွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဘက်များအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူ ဖခင်ကြီးအားရည်စူး၍ ရက်လည်ဆွမ်းကျွေးအလှူပြုလုပ်မည်ဖြစ်ပါသဖြင့် ၄-၁၀-၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ ၁၁နာရီအထိ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်အေ၊ အခန်း ၁၀၀၁ သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/2446 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

---

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ် (၃-က/တပ်ကုန်းရပ်)၊ ယခင်ဦးပိုင်အမှတ်-(၅-ဃ)၊ ယခုဦးပိုင်အမှတ်-(၅-ဌ) ဧရိယာ-(၀ဒသမ၃၂၆) ဧကရှိ ဂရန်မြေကွက်အား ဦးစိုင်းထွန်းထွန်းသိန်း (၁၃/တကန(နိုင်)၀၀၀၉၇၁)၊ ဒေါ်နန်းနွမ်မို (၁၃/တကန(နိုင်)၁၃၂၇၂၆) နှင့် ဦးစိုင်းအွမ့်မိန်း (၁၃/တကန(နိုင်)၀၅၄၁၈၀)တို့က မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုးပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(Block-1)မြေကွက်အမှတ် ၂၃၉၅၊ မြေအကျယ် အနံပေ၆၀xအလျားပေ ၈၀ရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အလှဒသနလမ်းနေ ဒေါ်ယုနန္ဒာဝင်း ၉/မမန(နိုင်)၀၈၆၈၄၂ မှ ဗိုလ်ကြီးအောင်တင်လင်းထံမှ ၂၀၁၄ ခုနှစ်တွင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမှ လက်မှတ်ရေးထိုးရောင်းချခဲ့ခြင်း မရှိကြောင်းနှင့် ဒေါ်ယုနန္ဒာဝင်း၏ ခွင့်ပြုချက်မရှိဘဲ မည်သူကမျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ပြုလုပ်ပိုင်ခွင့်လုံးဝ (လုံးဝ) မရှိကြောင်းနှင့် ပြုလုပ်ခဲ့သူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယုနန္ဒာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြသန္တာထွေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၀၇)
ဦးအောင်မြတ်လမ်း၊ အမှတ်-၇ ရပ်ကွက်၊ ဘားအံမြို့၊ ဖုန်း-၀၉-၄၃၀၆၆၀၂၀

---

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊(၉)ရပ်ကွက်၊အကွက်အမှတ်(၁)၊ အကွက်အမည် - အုတ်ကျွတ်တန်းမြောက် ၊ ဦးပိုင်အမှတ်-(၁၃၁)၊ ဧရိယာ(၀.၀၆၁)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်(၁၃၈)၊
(ခ) အနောက်လားသော် - ရန်ကုန်-မန္တလေးကားလမ်း၊
(ဂ) တောင်လားသော် - ဦးပိုင်(၁၃၂+၁၃၄+၁၃၅-က)၊
(ဃ) မြောက်လားသော် - ဦးပိုင်(၁၃၀)၊

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန်ဒေါ်နန်းယုယုအောင်မှ လျှောက်ထားလာသည့်အတွက်ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့

---

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ နန္ဒာဝန်ရပ်ကွက် ၊ ဦးပိုင် (၁၄၁+၁၀၆+၁၀၇) ဧရိယာ (၀.၀၅၅+၀.၀၅၅+၀.၀၅၅) ဦးမြသန်း+ဒေါ်စု အမည်ပေါက် ဂရန်မြေကွက် (၃)ကွက်နှင့် ဦးပိုင်အမှတ် (၁၄၁)ပေါ်ရှိ အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်အေးအေးကြိုင် ပါ(၃)ဦးတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇေယျာအောင်က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ - | ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ - |
| ဦးဇေယျာအောင် | ဦးသူရအောင် (LL.B) (စဉ်-၉၆၁၁) |
| (၉/ကဆန(နိုင်)၁၂၀၁၁၉) | တရားလွှတ်တော်ရှေ့နေ |
| | ၆၄ (A)၊ ၂၀x၂၁ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း-၀၉-၂၅၅၁၂၅၃၅၉ |

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## M League 2026 U-20 ပွဲစဉ် (၁၇)ပထမနေ့တွင် ရှမ်းယူနိုက်တက်နှင့် FALCON အသင်း အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၂၉**

M League 2026 U–20 ပြိုင်ပွဲ၏ ပွဲစဉ်(၁၇) ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် FALCON အသင်းတို့ အနိုင်ရရှိခဲ့ကြသည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်၌ ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၃၄ မိနစ်နှင့် ၈၄ မိနစ်တို့တွင် ကောင်းခန့်ဟိန်းက နှစ်ဂိုးသွင်းယူပေးခဲ့ပြီး ၈၇ မိနစ်တွင် သူရက တတိယဂိုးထပ်မံသွင်းယူခဲ့သဖြင့် အမှတ်ပြည့်ဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် လက်စွမ်းပြကာကွယ်နိုင်ခဲ့သည့် ရှမ်းယူနိုက်တက်ဂိုးသမား အောင်မင်းခန့်က ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။ *စာမျက်နှာ ၁၅ ကော်လံ ၅* ❑



စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။

**ယနေ့ သတင်းအညွှန်း**

**လူတိုင်းဥပဒေအသိပညာရရှိရန် ဥပဒေရေးရာဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုမှသည် တရားဥပဒေစိုးမိုးရေးဆီသို့**

ဆောင်းပါး စာ ၁၀

**ဆယ်ကျော်သက်နှင့် မူးယစ်ဆေး အန္တရာယ်**

ဆောင်းပါး စာ ၁၂

**တိုကျိုမြို့လယ်၌ ၃၄ ရက် ဆက်တိုက် မိုးရွာသွန်းပြီး အရှည်ကြာဆုံး မိုးရွာသွန်းမှုအဖြစ် မှတ်တမ်းဝင်**

နိုင်ငံတကာသတင်း စာ ၁၄

**ယနေ့ မိုးလေဝသ**

**နေပြည်တော်**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

**မန္တလေး**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။




## M League 2026 (U20) အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် စစ်ငြိမ်းချမ်းဦးနှင့် ပိုင်သက်ဦးတို့ ဂိုးအများဆုံးသွင်းယူထား

**ရန်ကုန် စက်တင်ဘာ ၂၉**

M League 2026 (U20) အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၆) ပြိုင်ပွဲများအပြီး ဂိုးသွင်းအများဆုံး ကစားသမားများ စာရင်းတွင် ISPE အသင်းမှ တိုက်စစ်မှူး စစ်ငြိမ်းချမ်းဦးနှင့် စစ်ကိုင်းယူနိုက်တက်အသင်းမှ တိုက်စစ်မှူး ပိုင်သက်ဦးတို့က သွင်းဂိုး ၁၄ ဂိုးစီဖြင့် ပူးတွဲရပ်တည်လျက်ရှိသည်။

အဆင့် (၃)နေရာတွင် ဒဂုံစတားယူနိုက်တက်အသင်း တိုက်စစ်မှူး မင်းမင်းခန့်က သွင်းဂိုး ၁၂ ဂိုးဖြင့် ရပ်တည်နေပြီး ရတနာပုံအသင်း တိုက်စစ်မှူး Sa Htunt Awar နှင့် ရန်ကုန်ယူနိုက်တက်အသင်းခေါင်းဆောင် ခွန်ချိုထူးတို့က သွင်းဂိုး ၁၀ ဂိုးစီဖြင့် အဆင့် (၄) နှင့် (၅) နေရာများကို အသီးသီးရယူထားကြသည်။

ထို့ပြင် ချင်းလန်းအသင်းမှ တိုက်စစ်မှူး လွန်းရာဂင်နှင့် ဒဂုံစတားယူနိုက်တက်အသင်းမှ တိုက်စစ်မှူး ညီနိုင်တို့က သွင်းဂိုး ကိုးဂိုးစီဖြင့် ထိပ်တန်းဂိုးသွင်းရှင်များစာရင်းတွင် ရပ်တည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ–ML**

## ၂၀၂၆ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U–19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏ အားကစားကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD၊ MRTV Sports၊ MRTV Entertainment Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **MRTV**

## ပြင်သစ်က လူစားဝင်တောင်ပံကစားသမား အိုလီဆေး၏ နောက်ကျသွင်းဂိုးဖြင့် ဘယ်လ်ဂျီယံကို အနိုင်ရ

ယူအီးအက်ဖ်အေ နေးရှင်းလိဂ် (က) အုပ်စု (၁) မှ နာမည်ကြီး ဘယ်လ်ဂျီယံနှင့် ပြင်သစ်အသင်းပွဲစဉ်ကို စက်တင်ဘာ ၂၉ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်းက အိုလီဆေး၏ နောက်ကျသွင်းဂိုးကြောင့် တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ တူကီယဲနှင့်ပွဲစဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သော အသင်းအဓိက တိုက်စစ်ကစားသမား အမ်ဘာပေ ပါဝင်နိုင်ခဲ့ခြင်း မရှိသော်လည်း ဘယ်လ်ဂျီယံအသင်းကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ *စာမျက်နှာ ၁၅ ကော်လံ ၅* ❖






## Myanmar Women's League ဒုတိယ အကျော့ပွဲစဉ်များ အောက်တိုဘာ ၁၉ ရက်တွင် ပြန်စမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

Myanmar Women's League 2026–2027 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၁၉ ရက်တွင် အပတ်စဉ် (၁၀) မှ စတင်ကာ ပြန်လည်ကျင်းပသွားမည်ဖြစ်ပြီး ဧရာဝတီနှင့် ရတနာပုံ၊ ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက် စသည့်အသင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမအကျော့အပြီးတွင် ISPE အသင်းက ရမှတ် ၂၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ဧရာဝတီ၊ ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ကနောက်မှ ဆက်လက်ရပ်တည်နေကာ ဒုတိယအကျော့ ပွဲစဉ်များကို သက်ဆိုင်ရာ အိမ်ကွင်းများနှင့် သတ်မှတ်ကွင်းများတွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။ *စာမျက်နှာ ၁၅ ကော်လံ ၅* ○